www.burmeseclassic.com

ဦးဥတ္တရသာရ

# မဟာငှက်ပစ်တောင်းသမိုင်း



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မဟာငှက်ပစ်တောင်သမိုင်း

အရှင်ဥတ္တရသာရ

POPA Publishing House
အမှတ် (၇၈)၊ အထက်ပုဇွန်တောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့မှ ဖြန့်ချိသည်။

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[၃၀၄/ ၂၀၀၂(၇)]

စာအုပ်စာတမ်းမျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
[၄၀၆/ ၂၀၀၂ (၇)]

■

ပုံနှိပ်
ပထမအကြိမ် (၅၀၀)
အောက်တိုဘာ၊ ၂၀၀၂

အတွင်းပုံများ
ဇော်မောင်

မျက်နှာဖုံး
မိုးဇင်

စာအုပ်ချုပ်
ကိုမြင့်

ကွန်ပျူတာနှင့် အတွင်းဒီဇိုင်း
Minerva Graphic Design
အမှတ် ၅၇၊ ၉ လမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၂၂၂ ၁၂၁

■

ဦးကျော်ဟင်း (၀၉၁၀)၊ ယုံကြည်ချက် စာပေ၊
အမှတ် ၁၁၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့မှ ထုတ်ဝေ၍၊ ဒေါ်နီနီခိုင် (ယာယီ ၁၆၃၆)၊
သိရိမေ ရောင်စုံပုံနှိပ်တိုက်၊ အမှတ် ၁၉၊ လမ်း ၉၀၊
ကန်တော်ကလေး၊ ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့်
အတွင်းစာသားများကို ပုံနှိပ်သည်။

တစ်အုပ် (၄၅၀) ကျပ်

## မာတိကာ

တိုက်အုပ်ဆရာတော်ကြီး၏ အမှာစာ ၄
စာရေးသူ၏ စေတနာ ၆
သက္ကရာဇ်ဖြို့ခြင်းအကြောင်း ၉
ပျူစောထီးရာဇဝင် ပျူစောထီးလောင်းလျာကို ဖွားမြင်ခြင်း ၁၃
ဆရာရသေ့ထံ အပ်နှံခြင်း ၁၇
မင်းထီးခမျာ ပုဂံပြည်သို့ထွက်ခွာ ၂၁
ပျူအိုလင်မယားထံသို့ ရောက်ခြင်း ၂၅
ပျူအိုလင်မယားထံ သွားခွင့်ပန် ၂၉
ရန်သူကြီးများအား နှိမ်နင်းခြင်း ၃၃
ငှက်ပစ်တောင်ဟု ခေါ်တွင်ပုံ ၃၉
သမုတိရာဇ်မင်းကြီးလျှောက်ထားခြင်းနှင့်
သမီးတော်နှင့်ထိမ်းမြားခြင်း ၄၃

www.burmeseclassic.com


ပျူစောထီး၊ င်းအဖြစ်သို့ရောက်ခြင်း ၄၇

ပျူစောထီး မင်းတည်ထားကောင်းမှုတော်များ ၅၀

ပျူစောထီးမင်းနတ်ရွာစံခြင်း ၅၅

ပျူစောထီးလောင်းလျာအား ဥမှပေါက်ဖွားသည်ဟု ဆိုသောမူ ၅၉

မဟာငှက်ပစ်တောင်သံဃာတော်များအား

အနော်ရထာမင်း စသည်တို့က အားပေးလှူဒါန်းခဲ့ပုံများ ၆၇

အနော်ရထာမင်းတည်ထား ရှင်ဂေါတမမြတ်စွာဘုရား ၇၅

ရှင်အရဟံအုတ်ကျောင်း ပြုပြင်တည်ဆောက်ခြင်း ၈၁

မဟာငှက်ပစ်တောင်ရှိ တိုက်စောင့်နတ်ကြီးများ ၈၉

မဟာငှက်ပစ်တောင်ဂိုဏ်းကြီးကို အုပ်ချုပ်တော်မူခဲ့ကြသည့်

ဂိုဏ်းချုပ်ဆရာတော်ကြီးတို့၏ ထေရ်စဉ် ၉၇

ကျမ်းကိုးစာရင်း ၉၈




နိုင်ငံတော်မှ ပြန်လည်ပြုပြင်တည်ဆောက်ထားသော အရှင်အရဟံအုတ်ကျောင်းဆောင်



ငှက်ကြီးရုပ်ထု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မဟာငှက်ပစ်တောင်ဘုရား နာယကဆရာတော်များ
ရှေ့တန်း (ဝဲ မှ ယာ) ဆရာတော် ဦးသုဇ္ဈပါလ၊ ဦးနိမ္မလ၊ ဦးနန္ဒိယ (သခု တိုက်ထိုင်)၊ ဦးသုနန္ဒ၊ ဦးဇနိန္ဒ
နောက်တန်း (ဝဲ မှ ယာ) ဆရာတော် ဦးဥတ္တရသာရ (စာရေးသူ)၊ ဦးမေဓိယ၊ ဦးစာဂရ၊ ဦးကုဏ္ဍမာလ



အရှင်ဥတ္တရသာရ
မဟာငှက်ပစ်တောင်သမိုင်းစာအုပ် ပြုစုနေပုံ

www.burmeseclassic.com

www.burmeseclassic.com

## တိုက်အုပ်ဆရာတော်ကြီး၏ အမှာစာ

မဟာဌက်ပစ်တောင်သမိုင်း စာအုပ်နှင့် ပတ်သက်၍ စာပေဝါသနာရှင်၏ စာမူကို ဖတ်ရှုလိုက်သောအခါ မဟာဌက်ပစ်တောင်ဘုရားနှင့် ကျောင်းတိုက်တို့တွင် ပါသင့် ပါထိုက်သော အချက်အလက်များကို ရေးသားတင်ပြထားသဖြင့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် စိုက်ထူလိုက်သည်ဆိုလျှင် မမှားပါ။

ဗဟုသုတအဖြစ် လေ့လာမှတ်သားကြသူများအတွက်လည်း တစ်စိတ် တစ်ဒေသ အထောက်အကူပြုမည် ဖြစ်သည်ဟု ယူဆမိပါသည်။

စာရေးသူသည် ဤစာအုပ်ကို ရှေးဟောင်းစာပေပညာရှင်၏ တင်ပြပြောဆိုချက်များကို မဆန့်ကျင်အောင် ရေးသားထားသည်ကို တွေ့ရှိရပေသည်။

သို့ပါ၍ စာရေးသူ၏ ထင်မြင်ယူဆ လေ့လာတွေ့ရှိချက်များကို ရေးသားထားသည့်ကိုလည်း ဖတ်ရှုရပါသည်။

ပြုစုသူသည် ကျမ်းဟောင်းကျမ်းသစ်များနှင့် ညှိနှိုင်း ပြုထားသည်ဖြစ်ရာ စာပေအရလည်းကောင်း၊ သမိုင်းအရ လည်းကောင်း ဆန့်ကျင်ခြင်း မရှိသည်ကို တွေ့ရှိရပေသည်။

သာသနာ့ဝန်ဆောင် ရဟန်းတစ်ပါးအနေဖြင့် စာတစ်ဆောင် ပေတစ်ဖွဲ့ ပြုစုရန်ကိစ္စမှာ လွယ်ကူသော အရာမဟုတ်ပါ။

ပညာရှင်များ သုတေသီများနှင့် ဝိနည်းသိက္ခာပုဒ်တော်တို့ကို မညီမစွန်းရလေအောင် ရှောင်တိမ်းရပါသည်။



ယခု စာရေးသူမှာ အစွန်းလွတ်သော ဝီရိယ၊ အနစ်နာခံလိုသော စေတနာ၊ မိခင်ရင်းသဖွယ် ဖြစ်သော ကျောင်းတိုက်ကြီး၏ ဂုဏ်ယူဖွယ်တစ်ခုအဖြစ် ပေါ်ပေါက်အောင် တင်ပြလိုက်သည်မှာ ဘာသာရေးအရရော သမိုင်းအရပါ အတိုင်းအတာတစ်ခု အတွင်း၌ ပြည့်စုံသည်ဟု ဆိုနိုင်ပါသည်။ အလုံးစုံ ပြည့်စုံသည်ဟုတော့ ပြော၍မဖြစ်ပါ။ သမိုင်းဟူသည် ကျယ်ပြန့်သော သမုဒ္ဒရာနှင့် တူလှပေသည်။ သမိုင်းဖြစ်ရပ်မှန်သည်ပင် အရေးအသား မတတ်ပါက ဒဏ္ဍာရီသဖွယ် ဖြစ်သွားတတ်ပေသည်။

ဖြစ်ရပ်မှန်သော်လည်း အဂတိတရားလိုက်စားပါက ဒဏ္ဍာရီဖြစ်သွားတတ်ပေသည်။ ပြုစုသူ၏ စေတနာသည် ဘုရားဖူးလာရောက်သူများ ဗဟုသုတရရှိကြပါစေဟူသော စေတနာ၊ မဟာဌက်ပစ်တောင်နှင့် ပတ်သက်သော အချက်အလက်များကို တိမ်မြုပ်ပျောက်ကွယ်မသွားစေရန် ဟူသော စေတနာ–

ထိုကဲ့သို့ အစရှိသော စေတနာကောင်းများနှင့် ရေးသားသည်ဟူ၍ ဘုန်းကြီးထံလျှောက်ထား၍ သိရှိခဲ့ရပါသည်။

သို့ပါ၍ တာဝန်ကျေပွန်သူဟုဆိုက မလွဲမှားတော့ပါ ပြုစုသူ၏ မွန်မြတ်ကောင်းမွန်သော စေတနာများကို မဟာဌက်ပစ်တောင်တိုက် သံဃာတော်များ၏ ကိုယ်စားလိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

ဆရာတော်ဦးနန္ဒိယ
မဟာဌက်ပစ်တောင်တိုက်၊ ညောင်ဦးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏စေတနာ

မဟာငှက်ပစ်တောင်သမိုင်းစာအုပ်ကို ရေးသားထုတ်ဝေရန် ကြံရွယ်နေခဲ့သည်မှာ ကြာခဲ့ပါပြီ။ သို့သော်လည်း အကြောင်း မညီညွတ်ခဲ့မှုများကြောင့် နှောင့်နှေးခဲ့ရပါသည်။

စာရေးသူသည် ညောင်ဦးမြို့နယ် ထန်းပေါက်ကုန်းကျေးရွာ ခမည်းတော် ဦးထွန်းသိန်း မယ်တော် ဒေါ်အေးခင်တို့၏ စတုတ္ထမြောက် သားရတနာဖြစ်သည်။ငင်းကျေးရွာမူလတန်းကျောင်းတွင် စတုတ္ထတန်းအောင်သည်ထိ ပညာသင်ခဲ့သည်။ (၁၅)နှစ်သားမှစ၍ ညောင်ဦးမြို့ ငှက်ပစ်တောင် ဂိုဏ်းချုပ်ဆရာတော်ဦးရေဝတထံတွင် နေထိုင်လျက် သာမဏေဖြစ်ခဲ့သည်။လောကုတ္တရာစာပေများကို ၎င်းဆရာတော်ကြီးထံတွင် သင်ယူ လေ့ကျက်ခဲ့ရသည်။ အသက် (၂၀)တွင် ညောင်ဦးမြို့ ပြည်တော်အေးရပ် ဦးဝင်းမောင် ဒေါ်ညွန့်ရွှေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဂိုဏ်းချုပ်ဆရာတော် ဦးရေဝတကို ဥပဇ္ဈယ်ပြုလျက် မဟာငှက်ပစ်တောင်ခန္ဓာသိမ်တွင် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

တစ်ဖန် ချောက်မြို့ ရေအိုးဇရပ် ဦးအုန်းမြိုင် ဒေါ်သောင်းစိန် မိသားတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူခဲ့ပါသည်။ ပရိယတ္တိပညာရပ်တို့ကို ကျောက်ပန်းတောင်းမြို့ သုခဝတီစာသင်တိုက်တွင် ခြောက်နှစ်တာမျှ သင်ယူခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ သရက်တောတိုက် ကျောက်ပန်းတောင်းကျောင်း၊ ပခုက္ကူမြို့မှ မဟာဝိသုတာရာမ(အလယ်တိုက်)များတွင်ပရိယတ္တိပညာများကို သင်ယူလေ့လာခဲ့ပါသည်။



၁၃၅၂ ခုနှစ်တွင် မိခင် သာသနာနယ်မြေဖြစ်သည့် မဟာငှက်ပစ်တောင်တိုက်တွင် ပြန်လည်ရောက်ရှိလျက် စာပေများ ရေးသားကာ သီတင်းသုံးခဲ့ သည်မှာ ယနေ့အချိန်ထိပင် ဖြစ်ပါသည်။

စာရေးသူသည် စာသင်သားဘဝတွင် ခရီးသွားလာခဲ့ရာ၌ ဒေသန္တရ ဗဟုသုတရှာမှီးခြင်းကို ဝါသနာကြီးခဲ့သည်။ တန်ခိုးကြီးဘုရား ပုထိုးစေတီများကို လှည့်လည် ဖူးမျှော်ခဲ့သည်။ စာရေးသူသွားရောက်ဖူးမျှော်ခဲ့ရသော စေတီပုထိုးများတွင် မှတ်တမ်းမှတ်ရာများ သမိုင်းစာအုပ်များ စသည်ဖြင့် အမှတ်တရ လေ့လာဖတ်ရှုသိမ်းဆည်းထားစရာများ အသီးသီးရှိကြသည်။

မဟာငှက်ပစ်တောင်၌ မှတ်တမ်းမှတ်ရာ သမိုင်းများ စနစ်တကျ မရှိသည်ကို စာရေးသူဘဝင်မကျဖြစ်မိသည်။ အားငယ်သလို စိတ်ဆန္ဒများလည်းဖြစ်ပေါ်မိသည်။ သမိုင်းစာအုပ်ရှိစေချင်၊ ဖြစ်စေချင်သော စေတနာများက တစ်နေ့တခြားကြီးမားလာခဲ့သည်။

သို့အတွက် ကျေးဇူးရှင်ဆရာတော်ကြီးများထံသို့ သမိုင်းကြောင်း ဆိုင်ရာများကို လျှောက်ထားကြည့်သောအခါ မဟာငှက်ပစ်တောင်သည် မှတ်တမ်းမဲ့ သာသနာ့နယ်မြေ မဟုတ်ကြောင်း သိရှိလာရသည်။

ရှေးက ဆရာတော်ကြီးများ ပြုစုခဲ့ကြသော စာအုပ်များကို လေ့လာ ဖတ်ရှု ရပေတော့သည်။

ထိုတွင် ပျူစောထီးလောင်းလျာကို ဖွားမြင်ခြင်းနှင့် ပတ်သက်၍ မှုနှစ်မျိုးကွဲပြားနေကြောင်းကို ယခုကဲ့သို့ လေ့လာ တွေ့ရှိရသည်။

အချို့သော ရာဇဝင်သမိုင်းတို့တွင် ပျူစောထီးအား ကာလနဂါးမင်း၏သား နဂါးကြောင်၊ ထိုနဂါးကြောင်၏သမီး ဖံသီး

www.burmeseclassic.com

www.burmeseclassic.com



အမည်ရှိ နဂါးမနှင့် နေနတ်သားတို့ သင့်မြတ်သော အဏ္ဍဇဥမှ ပေါက်ဖွားသည်ဟု ဆိုသော့မှုနှင့် ရာဇဝင်အသီးသီးတို့တွင် ပျူစောထီးအား သတိုးအာဒိစ္စမင်း၏ မိဖုရားက ဖွားမြင်သည်ဟု ဆိုသောမှု ယင်းမှုနှစ်မျိုးကို တွေ့ရှိလာရသည်။

ထိုမှုနှစ်မျိုးကို သုံးသပ်ကြည့်သောအခါ ပျူစောထီးအား ဥ–မှ ပေါက်ဖွားသည်။ တစ်ဖန်လူက ဖွားသည်ဟူသော ပြဿနာ တစ်ရပ် ပင်ဖြစ်၏။

မဟာရာဇဝင်ကြီး ပထမတွဲတွင် ဥကပေါက်ဖွားလာသည် ဟု ဆိုသောမှုကို ယုတ္တိမရှိနိုင်ကြောင်းကို အကြောင်းပြချက် နိုင်လုံစွာနှင့်တကွ ဖော်ပြထားပေသည်။

စာရေးသူအနေဖြင့်လည်း မဟာရာဇဝင်ကြီး၏ အဆိုကို လက်ခံပါ၏။

သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း၊ အများက တောင်းဆိုနေသော ယင်းသမိုင်းကို ဖြစ်စေချင်သော စေတနာအားဖြင့် လည်းကောင်း၊ စာပေဝါသနာရှင်များနှင့် သုတေသီများ ဗဟုသုတကြွယ်ဝ နိုင်စေရန် ဟူသော ရည်ရွယ်ချက် စေတနာပေါင်းများစွာဖြင့် ပျူစောထီးအား ဥမှ ပေါက်လာသည်ဟု ဆိုသောမှုကိုပါ အကျဉ်းချုံးလျက် ဤစာအုပ်တွင် ဖော်ပြလိုက်ရ ပေသတည်း။

အရှင်ဥတ္တရသာရ
ဥတ္တရာရာမကျောင်း
မဟာငှက်ပစ်တောင်တိုက်၊ ညောင်ဦးမြို့။

BURMESE CLASSIC .com

# သက္ကရာဇ်ဖြိုခြင်းအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



## သက္ကရာဇ်ဖြို့ခြင်းအကြောင်း

မဟာငှက်ပစ်တောင်သမိုင်းသည် ပျူစောထီးရာဇဝင်မပါလျှင် မပြီးပါ။ ထိုရာဇဝင်မပါလျှင် မပြီးသလို သက္ကရာဇ်ဖြို့ခြင်းအကြောင်းကိုလည်း ကြိုတင်သိထားမှသာ ပျူစောထီးရာဇဝင်တွင် ပါရှိသော သက္ကရာဇ်များကို စာရှုသူများ ဗိုမိုနားလည်သဘောပေါက်ပေလိမ့်မည်။

သို့ပါ၍ မြန်မာသက္ကရာဇ်ဖြစ်ပေါ်လာပုံကို ပညာအလင်းပြ ရုံးသုံးကျောင်းသုံး အင်္ဂလိပ်မြန်မာနှစ်တစ်ရာပြက္ခဒိန်စာအုပ်တွင် ဖော်ပြပါရှိသည့်အတိုင်း ထည့်သွင်းရေးသားလိုက်ပေသည်။

ဂေါတမဘုရားရှင်၏ ဘိုးတော် အဥ္စနမင်းကြီးလက်ထက် ဒိဗ္ဗစက္ခုအဘိညာဉ်ရ ဒေဝီလရသေ့နှင့် တိုင်ပင်၍ ရှိရင်း သက္ကရာဇ်(၈၆၄၇) နှစ်မှ

www.burmeseclassic.com

www.burmeseclassic.com



(၈၆၄၅)နှစ်ဖြို၍ ကျန် (၂)နှစ်ကို ဘိုးတော်အဥ္စနမင်းဖြိုကြွင်းသော အဥ္စနာသက္ကရာဇ်အဖြစ် သုံးစွဲခဲ့လေသည်။

အဥ္စနာသက္ကရာဇ်အတွင်းမှာပင် ဂေါတမဘုရားသခင် ပွင့်တော်မူလျက် ပရိနိဗ္ဗာန်စံတော်မူပြီး အဥ္စနာသက္ကရာဇ် (၁၄၈)ခုနှစ်တွင် မဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းကြီးက အသျှင်မဟာ ကဿပ မထေရ်ရဟန္တာအရှင်မြတ်ကြီးမှူး၍ ပဌမသင်္ဂါယနာတင်တော်မူခြင်းကို အကြောင်းပြုလျက် အဥ္စနာသက္ကရာဇ်ကိုဖြိုပြီး ဗုဒ္ဓသာသနာနှစ် သက္ကရာဇ် (၁)ခုက စတင်သုံးစွဲခဲ့လေသည်။

၎င်းသက္ကရာဇ် (၆၂၄)ခုနှစ်သို့ ရောက်လတ်သောအခါ သုနာပရန် တမ္ဗဒီပသရေခေတ္တရာပြည့်ရှင် ဘုရင်သုမုန္ဒြီမင်းလက်ထက်တွင် ရှေးဆရာ ပညာရှိရသေ့ကြီးများ၏ နည်းအရ ဒေါဒေါရသခေါ် နှစ်ရှည်သက္ကရာဇ် ဖြိုကိန်း၏ ကြုံကြိုက်သဖြင့် (၆၂၄)ခုနှစ်မှ ဒေါဒေါရသ (၆၂၂)ဖြို၍ ကျန် (၂)ခုကို သုမုန္ဒရစ်(သရေခေတ္တရာ) သက္ကရာဇ်အဖြစ် သတ်မှတ်သုံးစွဲ ခဲ့ပြန်သည်။

သုမုန္ဒရစ်၏ သက္ကရာဇ် (၅၆၂)ခုနှစ်သို့ ရောက်ပြန်သောအခါ ပေါက္ကံ ပြည့်ရှင် ဆရာသဃ်ရာဇ်ခေါ် ပုပ္ပါးစောရဟန်းမင်းလက်ထက် ခန်းဆပဥ္စာ ခေါ်နှစ်တိုသက္ကရာဇ်ဖြိုကိန်းကြုံကြိုက်ပြန်သည်နှင့် (၅၆၂)ခုနှစ်မှ ခန်းဆ ပဥ္စာ (၅၆၀) ဖြိုပြီးကျန် (၂)ခုကို ပေါက္ကံသက္ကရာဇ်အဖြစ် ယနေ့ထိ အဖြိုမရှိတော့ဘဲ ဆက်လက်သုံးစွဲခဲ့ကြသည်။ ထိုသုံးစွဲလာခဲ့သည့် ပေါက္ကံသက္ကရာဇ်ကို ယခုအခေါ် မြန်မာကောဇာသက္ကရာဇ်ဟု ခေါ်သည်။

ထိုကဲ့သို့ သက္ကရာဇ်များကို ဖြိုခဲ့ကြရာ ပျူစောထီးရာဇဝင်ပါ သက္ကရာဇ်များသည် သုမုန္ဒရ၏ သက္ကရာဇ်များဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပေသည်။

BURMESE CLASSIC .com



## ပျူစောထီးရာဇဝင်

## ပျူစောထီးလောင်းလျာကို ဖွားမြင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



## ပျူစောထီးရာဇဝင်
## ပျူ့စောထီးလောင်းလျာကို ဖွားမြင်ခြင်း

တကောင်းနန်းရိုး သတိုးမဟာရာဇမင်းကြီး၏ အနွယ်ဖြစ်သော သတိုးအာဒိစ္စမင်းသည် ပြည်ရွာမငြိမ်မသက်ရှိသောကြောင့် မလည်အရပ်သို့ ရှောင်တိမ်း၍ မထင်ရှားသောအသွင်ဖြင့် ဥယျာဉ်လယ်ယာ ဖျိုးထောင်လျက် လုပ်ကိုင်စားသောက်နေရလေသည်။

(ထိုဥယျာဉ်အတွင်း၌ နဂါးတွင်းလည်းရှိသည်)

ထိုပြည်သူပြည်သားအပေါင်းတို့သည် နဂါးကို အမြတ်တနိုး ကိုးကွယ်လေ့ရှိကြသည်။ နဂါးတို့ကို အမြတ်တနိုးပူဇော်လျက် သားဆုကိုလည်း တောင်းလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရံရောအခါ မိမိတို့ ဘုန်းကံအလျောက် သတိုးအာဒိစ္စမင်း၏ မိဖုရားတွင် ပဋိသန္ဓေနေလေသည်။ ထိုအချိန် သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာ တင်းမာသဖြင့် လူ့ပြည်သို့ ကြည့်ရာ ဘုရားရှင်မျာဒိတ်တော် ထားခဲ့သည့်အတိုင်း အရိမဒ္ဒနာမြို့ကို တည်၍ သာသနာပြုအံ့သော မင်းလောင်းလျာ ပဋိသန္ဓေနေလေပြီဟု သိလျက် ရတနာအတိပြီးသောလေးနှင့် ဝရဇိန်အသွားတက်သော မြားတို့ကို ဆောင်ယူ၍ သတိုးအာဒိစ္စမင်းအား ဤလေးနှင့်မြားသည် ဘုန်းကံကြီးမားသော အလောင်းမင်းများသာလျှင် ကိုင်ဆောင်နိုင်လတ္တံ့ဟုဆိုပြီး ပေးခဲ့လေ၏။

နေ့လဆေမြောက်ချိန်ခါရောက်သော် အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံထင်ရှားသော သတို့သားကို ကောဇာ သက္ကရာဇ် ၅၅ ခုနှစ်တွင် ဖွားမြင်ခဲ့လေသည်။

သတိုးအာဒိစ္စမင်းသည် မျိုးရိုးသဘောမတိမ်ကောပျောက်စေခြင်းငှာ စောထီးဟူသောအမည်ကို ပေးလေ၏။

ဆရာ့ရသေ့ထံ အပ်နှံခြင်

www.burmeseclassic.com

www.burmeseclassic.com



## ဆရာရသေ့ထံအပ်နှံခြင်း

စောထီးသည် (၇) နှစ်သားအရွယ်သို့ရောက်လေသောအခါ ထိုအရပ်တွင် လေးအတတ်ကို လိမ္မာကျွမ်းကျင်စွာ တတ်မြောက်သော ဆရာရသေ့ထံ အပ်နှံ၍ လျှက် ပညာကို သင်ကြားစေသည်။

ဆရာရသေ့သည် ရူပနိကာယ်၊ သဒ္ဒနိကာယ်၊ အထူးထူးသော လောကီဗေဒင်ပညာတို့ကို တတ်မြောက်လေသောကြောင့် ထိုသူငယ်၏ ကိုးရပ်သဏ္ဍာန်၊ ကြန်အင်လက္ခဏာကို တွေ့မြင်ရလေလျှင် ဤသူငယ်သည် မင်းမျိုးလည်း မှန်၏။ ကြန်အင်လက္ခဏာနှင့်လည်း ပြည့်စုံ၏။

www.burmeseclassic.com

www.burmeseclassic.com




သို့အတွက် အရွယ်သို့ရောက်လေသော် အောက်ပြည်အောက်ရွာ၌ မချွတ်ဧကန်မင်းဖြစ်လတ္တံ့ဟု နိမိတ်ဖတ်၍ ဆောထီးသောအမည်ကို ဖျောက်၍ မင်းထီးဟူသော အမည်ကို ပြောင်းလွှဲခေါ်တွင်စေ၏။

ဆရာရသေ့သည် မင်းထီးအား မင်းလောင်းမင်းလျာတို့ သိသင့် သိထိုက် တတ်သင့်တတ်ထိုက်သော အဋ္ဌာရသ အတတ်ပညာတို့ကို လိမ္မာ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပြသပေးလေသည်။

မင်းထီးသည် ရုပ်ဆင်းအင်္ဂါ တင့်တယ်ပြီး ပြုံးရွှင်သောအမူအရာ၊ ချိုသာသော စကားတို့ကို ပြောဆိုတတ်လျက် ဂါရဝတရားများကိုလည်း လက်ကိုင်ထားလေ့ရှိသည်။

မြင့်မြတ်သောစိတ်ထားနှင့် ဇာတိမာန်လက်ရုံးရည်နှလုံးရည် ပြည့်စုံစွာဖြင့် ကျေးဇူးတရားကိုလည်း အထူးသိတတ်သောသူဖြစ်သည်။

မင်းထီး၏ အရပ်သည် ငါးတောင်ရှိပြီး လုံးပတ်ကား သုံးတောင်ရှိသည်ဟု သမိုင်းဟောင်းတွင်ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။



## မင်းထီးခမျာ ပုဂံပြည်သို့ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



## မင်းထီးခမျာ ပုဂံပြည်သို့ထွက်ခွာ

မင်းထီးသည် (၁၆)နှစ်သားအရွယ်သို့ ရောက်ရှိလာသောအခါ ပုဂံပြည်တွင် (၁၂)နှစ်တိုင်တိုင် ရန်သူကြီးလေးဦးတို့သည် မင်းမူလျက်ရှိ နေသည်ကို ကြားသိလာရသည်။ ထိုသို့ မင်းထီးကြားရ၍ ယင်းရန်သူတို့ကို နှိမ်နင်းရန် ပုဂံသို့ သွားလိုသောဆန္ဒ ပြင်းပြလာခဲ့သည်။ ခမည်းတော် မယ်တော်တို့ထံ ခွင့်ပန်ရလေတော့သည်။

ခမည်းတော် မယ်တော်တို့သည် ငယ်စဉ်အခါက အောက်ပြည်အောက်ရွာ၌ မင်းဖြစ်လတ္တံ့ဟုဆိုသော ဆရာရသေ့၏ မိန့်ဆိုခဲ့ဖူးသည်ကို ပြန်လည်သတိရကာ ခမည်းတော်က ရတနာအတိပြီးသော လေးနှင့်မြားကို အပ်နှင်းလိုက်ခါ အနူးအညွတ်ခွင့်ပြုလိုက်၍ ပုဂံပြည်သို့ ထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလေးသည် လူတို့ပြုလုပ်အပ်သော လေးမဟုတ်၊ ရတနာအတိပြီးသော နတ်လေးများကို သိကြားမင်းက အပ်နှင်းသည်ဟု မဟာရာဇဝင်ကြီးက ဆိုပါသည်။

ထိုအချိန်တွင် ပုဂံပြည်၌ –

ကောဇာသက္ကရာဇ် နှစ်ဆယ့်ကိုး (၂၉) ခုနှစ်မှစ၍ ယုန်လွှတ်ကျွန်းအရပ်ကို ဗဟိုပြုလျက် သုပညာနဂရဆိန္နမင်း၏ တူဖြစ်သော သမုဒ္ဒရာဇ်မင်းကြီးသည် –

၁။ ညောင်ဦး ၂။ နဂါးဘို ၃။ နဂါးကျစ် ၄။ မန်ကျည်းကြီး ၅။ တုတည် ၆။ ကျောက်စကား ၇။ ကုတ်ကဲသိမ် ၈။ ညောင်ဝန်း ၉။ အနုရာဓ ၁၀။ တန်ဆောင်းကျွန်း ၁၁။ ရွာမုံး ၁၂။ ကြင်လို ၁၃။ ကုက္ကို၊ ၁၄။ တောင်ပ ၁၅။ မြေခဲတွင်း ၁၆။ သရက်ရ ၁၇။ စဉ့်ကူအုံများ ၁၈။ ယုံလွှတ်ကျွန်း ၁၉။ ရွာစိုက်

ဤတစ်ဆယ့်ကိုးရွာနှင့် အရိမဒ္ဒနာမြို့ကို တည်ထောင်လျက် အုပ်ချုပ်နေသောအချိန်ဖြစ်သည်။

## ပျူအိုလင်မယားထံသို့ရောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



## ပျူအိုလင်မယားထံသို့ရောက်ခြင်း

မင်းထီးသည် လေးမြားတို့ကို ယူဆောင်လျက် ပုဂံပြည်သို့သွား၍ ပျူအိုလင်မယားရှိရာ မြေသင်းတွင်း(ယခုအခေါ် မြေခဲတွင်း)ရွာသို့ ရောက်ရှိပြီး ပျူအိုလင်မယားအိမ်တွင်း နေထိုင်လေသည်။

ပျူအိုလင်မယားသည် သားသမီးရင်းချာ မရှိလေသောကြောင့် အလွန်ပင် ချစ်ခင်လေးမြတ်စွာဖြင့် လုပ်ကျွေး မွေးမြူကြသည်။

မင်းထီးသည် တာဝန်ဝတ္တရားတို့ကို သိရှိစွာဖြင့် မိဘရင်းသဖွယ် ပျူအိုလင်မယားတို့အား ကျေပွန်အောင် ဆောင်ရွက်လုပ်ကိုင်ပေးလေသည်။

မှတ်ချက် – မြေခဲတွင်းရွာသည် ညောင်ဦးမြို့၏ အရှေ့တောင် ၅ မိုင်ခန့်တွင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



## ပျူအိုလင်မယားထံ သွားခွင့်ပန်

တစ်နေ့သောအခါ မင်းထီးသည် လေးမြားတို့ကို ဆွဲကိုင်လျက် ထိုလေးမြားတို့ကို စမ်းလိုသောကြောင့် တောလည်သွားရန် ပျူအိုလင်မယားထံသို့ ခွင့်ပန်ရလေတော့သည်။

ပျူအိုလင်မယားက စိတ်ဝယ်မချ ညိုးနွမ်းလှစွာဖြင့် သားရင်းပမာ လွန်ချစ်ရှာ၍ ချစ်သား... ဤပြည်တွင် ကြောက်မက်ဖွယ်ကောင်းမွန်သော ရန်သူကြီးလေးဦးရှိပါသည်။

ထိုရန်သူကြီးလေးဦးကား အရှေ့မျက်နှာအရပ်တွင် ဝက်ကြီး၊ အနောက်မျက်နှာအရပ်တွင် ငှက်ကြီး၊ တောင်အရပ်တွင် ကျားကြီးနှင့် မြောက်အရပ်၌ ရှူးပျံကြီးတို့သည် အရပ်လေးမျက်နှာတွင် ဝန်းရံလျက်ရှိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသာမည့ပင်မဆိုထားဘိ သက်ဦးဆံပိုင် နိုင်ငံတော်ကို အစိုးရတော်မူသော ဘုရင်ပြည့်ရှင် သမုဒ္ဒရာဇ်မင်းတော်မှ ခုခံသတ်ဖြတ်နှိမ်နင်းရန် မစွမ်းဆောင်နိုင်၍ နေ့စဉ်နှင့်အမျှ ဝက်ကြီးအား ဖရုံသီး ကိုးလုည်း၊ ဖွဲနု ကိုးလှည်း အမြဲပေးနေရပါသည်။

ငှက်ကြီးအားလည်း တစ်နေ့တစ်နေ့လျှင် သမီးကညာတစ်ယောက်ကျစီ တွက်၍ ခုနစ်ရက်တစ်ကြိမ် သမီးကညာ ခုနစ်ယောက်ပေးနေရသည်။

ယင်းသို့ ကြောက်မက်ဖွယ်ကောင်းလှစွာသော ရန်သူကြီးတို့သည် ဤပြည်ကြီးကို နှိပ်စက်လျက် အစာအာဟာရပေးနေရသည်မှာ တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ရှိခဲ့ချေပြီ။

ထိုရန်သူကြီးတို့သည် အချိန်မရွေး ဒုက္ခပေးလျက်ရှိနေသောကြောင့် ချစ်သား မသွားပါနှင့်ဟု ပျူအိုလင်မယားက မင်းထီးအား တားမြစ်ပေသည်။ မင်းထီးလည်း ပျူအိုလင်မယားအား နှစ်သိမ့်စကားပြောဆိုခဲ့ပြီးလျှင် ရန်သူများရှိရာသို့ ရှေးရှုထွက်ခွာခဲ့လေတော့သည်။

## ရန်သူကြီးများအား နှိမ်နင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



## ရန်သူကြီးများအား နှိမ်နင်းခြင်း

ကြောက်မက်ဖွယ်အတိ ဖြစ်တုံဘိ၍ တောင်မျက်နှာအရပ်တွင်ရှိသော ကျားကြီးကို ပထမ နှိမ်နင်းခဲ့လေသည်။ ထို့နောက် မြောက်မျက်နှာ၌ ရှိနေသော ရှူးပုံကြီး၊ အရှေ့မျက်နှာ၌နေသော ဝက်ကြီးတို့ကို အသီးသီး သတ်ဖြတ်နှိမ်နင်းခဲ့ပြီးလျှင် ငှက်ကြီးရှိရာ အနောက်မျက်နှာအရပ်သို့ ထွက်ခွာ ခဲ့လေ၏။

ထိုနေ့သည် ခုနစ်ရက်စေ့သောနေ့ဖြစ်၍ ငှက်စာဆော်သူလည်း သမီး ကညာခုနစ်ယောက်တို့ကို ခေါ်ဆောင်လျက် တစ်နေ့လျှင် တစ်ယောက်ကျစီ ရေတွက်ပြီး ကျွေးရမည့်နေ့နှင့် ကိုက်ညီနေသောနေ့ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းငှက်စာဆော်သူနှင့် သမီးကညာ ခုနှစ်ယောက်တို့အား လမ်းခရီးအကြားတွင် မင်းထီးနှင့်တွေ့ရှိလေ၏။ မင်းထီးက အကြောင်းစုံကို စိစစ်မေးမြန်းသောအခါ ငှက်စာဆော်သူလည်း ယနေ့သည် ငှက်ကြီးအား အစာကျွေးရမည့်နေ့ဖြစ်သောကြောင့် သမီးကညာခုနှစ်ယောက်တို့ကို ကျွေးရန်ခေါ်ဆောင်၍ လာခဲ့ကြောင်း ပြန်လည်ပြောပြလေသည်။

မင်းထီးက ငါသို့သောသူရှိပါလျက် ငှက်စာကျွေးရမည်ဆိုသော စကားသည် မအပ်ဟုပြောဆို၍ မစိုးရိမ်ပါနှင့် သင်တို့၏ အသက်ကို ငါ ကယ်မည်ဟု ငှက်စာဆော်သူနှင့် သမီးကညာခုနှစ်ယောက်တို့အား ယခု သမီးဝှက်ဥမင်နေရာတွင် ဝှက်ထားခဲ့လေသည်။ (သမီးဝှက်ဥမင်ဟု ယခုတိုင် တွေ့ရှိနိုင်ကြပါသေးသည်)

သမီးကညာခုနှစ်ယောက်တို့သည် သေဘေးမှ လွတ်မည်ကို လွန်စွာဝမ်းမြောက်ကြလျက် မင်းထီးအား ဆုတောင်းပတ္ထနာပြုကြလေသည်။

မင်းထီးသည် ငှက်ကြီးကို အစာကျွေးမည့်နေရာသို့ သွားလေသည်။ ငှက်ကြီး ကျက်စားရာအရပ်မှပြန်လာခဲ့၍ အစာပေးသောငှက်စာဆော်သူနှင့် သမီးကညာတို့ကို မမြင်ရတော့ဘဲ မင်းထီးရပ်နေသည်ကိုတွေ့မြင် ရလေလျှင် အမျက်ဒေါသ ခြောင်းခြောင်းထလျက် မိမိ၏ စွမ်းပကားနှင့် မင်းထီးအား ခြိမ်းခြောက်ပေသည်။

ငှက်ကြီး၏ အတောင်လေဟုန်ကြောင့် ကြီးမားသော သစ်ပင်ကြီးများတောင် ကျိုးပြတ်၊ လဲသွားစေ၏။ နှုတ်သီးဖြင့် မြေပြင်သို့ ပေါက်လိုက်၍ ရေများထွက်စေသည်။ (ယခုအခါ ၎င်းကို ငှက်ပေါက်တွင်းဟု ယခုတိုင် လေ့လာ တွေ့ရှိနိုင်ပါသေး၏)

ထိုကဲ့သို့ကြောက်မက်ဖွယ်သော အစွမ်းကို ပြသော်လည်း မင်းထီးသည် မတုန်လှုပ်၊ ကြောက်ရွံ့ခြင်း မရှိ၊ တည်ကြည်လျက်ရှိနေပေသည်။

ငှက်ကြီးလည်း အတောင်လေဟုန်ကို ဖြစ်စေလျက် မင်းထီးအား



လွင့်စဉ်သွားအောင် ကြိုးစားသော်လည်း မတတ်နိုင်ချေ။

မင်းထီးက သင်၏ အစွမ်းကုန်လေပြီလောဟု မေး၍ သိကြားမင်းပေးလိုက်သော လေးဖြင့် ဖောက်ထွင်းပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ငှက်ကြီး၏ ရန်ကို ကောဇာသက္ကရာဇ်(၇၁)ခုနှစ်တွင် နှိမ်နင်းအောင်မြင်ခဲ့လေသည်။

ထိုငှက်ကြီးကို မှန်နန်းရာဇဝင်၌ ငှက်ကြီးဟု သာမညဆိုထားသည်။

ပုဂံရာဇဝင်ဟောင်း၌ ငှက်တုံးကြီးဟု လေ့လာတွေ့ရှိရသည်။ ငှက်ပစ်တောင်သမိုင်း၌ ငှက်ကြီး ထိလှိုင်ဂါဟူ၍ တွေ့ရှိရသည်။


မဟာရာဇဝင်ကြီး ပထမတွဲ၌ ဖော်ပြထားသော လင်္ကာတွင် ကြီးလှငှက်ဆင်၊ အောင်မြင်ဝက်ထီး၊ သတ်လိုက်ပြီးမှ မြောက်ချီးဗိုလ်ပါ စောနရာကို များစွာပုံယင် ရွှေနန်းတင်၏ –

ထိုတွင် ငှက်ဆင်ဟု ဖော်ပြပါရှိသည်။

စာရေးသူအနေဖြင့် သာမညပင် 'ငှက်ကြီး'ဟု ရေးသားဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ငှက်ပစ်တောင်ဟုခေါ်တွင်ပုံ

မင်းထီးသည် ငှက်ကြီး၏ရန်ကို နှိမ်နင်းအောင်မြင်၍ ငှက်ကြီးသေပြီးသောအခါ ငှက်ကြီး၏ ငှက်တောင်တစ်ချောင်းကို နုတ်ယူ၍ သမီးကညာ (၇)ယောက်တို့ကို ရွက်စေပြီးလျှင် သမုဒ္ဒရာဇ်မင်းကြီးအား ဆက်သစေဟူ၍ မင်းထီးက စေလွှတ်လိုက်လေ၏။

သမီးကညာ (၇)ယောက်တို့လည်း ရွက်ထားသော ငှက်တောင်သည် လေးလွန်းသောကြောင့် သမုဒ္ဒရာဇ်မင်းကြီးထံသို့ မရောက်တော့ဘဲ လမ်းခရီးအကြားတွင် ပစ်ချခဲ့ကြလေသည်။

ထိုပစ်ချခဲ့သောနေရာတွင် ထိုသူမင်းဖြစ်လာသောအခါ ငှက်တောင်ပစ်ဘုရားဟု တည်ထားခဲ့လေသည်။ (၎င်းဘုရားသည် အနောက်ဖွားစော၏ အရှေ့တောင်ဘက်အရပ်၌ ရှိသည်ဟု လေ့လာမှတ်သားရဖူးပါသည်)

ငှက်ကြီးကို ပစ်သတ်၍ အောင်မြင်ရာ ဌာနနှ၌လည်း ထိုသူ၏ အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သောဘုရားကို ငှက်ပစ်တောင်ဘုရားဟု ယခုတိုင်ခေါ်တွင်စေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သမုဒ္ဒရာဇ်မင်းကြီးလျှောက်ထားခြင်းနှင့် သမီးတော်နှင့်ထိမ်းမြားခြင်း

သမီးကညာ (၇)ယောက်တို့သည် မင်းထီးပေးလိုက်သော ငှက်တောင်သည် လေးလွန်းလှသဖြင့် လမ်းခရီး၌ ပစ်ထားခဲ့ကြပြီးလျှင် မင်းကြီးထံသို့ဝင်၍ လုလင်တစ်ယောက်သည် ငှက်ကြီးအား လေးနှင့် ပစ်သတ်၍ သေလေပြီဟု လျှောက်ထားကြလေကုန်၏။

သမုဒ္ဒရာဇ်မင်းကြီးလည်းတစ်ဆယ့်နှစ်နှစ်တိုင်တိုင်လွှမ်းမိုးနှိပ်စက်ခဲ့သော ငှက်ကြီးသေသည်ကို ကြားသိရ၍ အလွန်ပင် အားရနှစ်သက်တော်မူသည်။

မင်းကြီးသည် စစ်အင်္ဂါလေးပါးနှင့်တကွ မင်းထီးရှိရာသို့ထွက်တော်မူလျက် တောင်တန်းငယ်ခန့်ပမာဏရှိသောငှက်ကြီးကိုရှုစားတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက အမောင်လုလင်ထိုကဲ့သို့ တိုင်းသားပြည်သူ လူအများတို့အား လွှမ်းမိုးနိုပ်စက် မင်းမူလျက်ရှိသော ရန်သူငှက်ကြီးကို ပစ်သတ်သည်မှာ မှန်ပေသလော။

အမောင်လုလင်သည် အဘယ်သူ၏ အမျိုးအနွယ်၊ အဘယ်သို့ သော လက်နက်ဖြင့် ခွင်းသတ်လေသနည်း ဟူ၍ မင်းကြီးကမေးလေ၏။

မင်းထီးက တကောင်းမင်းရိုး သာကီမျိုးဖြစ်ကြောင်းနှင့် လေးမြားဖြင့် ပစ်ခတ်ကြောင်းကို မင်းကြီးအား ဟုတ်မှန်စွာ လျှောက်တင်လိုက်လေသည်။

မင်းကြီးသည် ဤသူကား အမျိုးအရိုး၊ တန်ခိုး၊ အာဏာ၊ ဘုန်းပညာနှင့် ပြည့်စုံသောသူဖြစ်ပေသည်ဟု ချီးမွမ်းလျက်၊

သမီးတော် သီရိစန္ဒဒေဝီနှင့် ဆောင်နှင်းထိမ်းမြားး၍ အိမ်ရှေ့အရာကို ပေးသနားတော်မူ၏။ (ငှက်ကြီးမင်းမူခဲ့သော တစ်ဆယ့်နှစ်နှစ်အတွင်း အစာအဖြစ် ပေးခဲ့ရသော သမီးကညာပေါင်းမှာ(၄၃၂၀)ရှိသည်ဟု သမိုင်းဟောင်းတွင် လေ့လာတွေ့ရှိရပါသည်)

## ပျူစောထီးမင်းအဖြစ်သို့ရောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



## ပျူစောထီးမင်းအဖြစ်သို့ရောက်ခြင်း

မင်းထီးသည် အိမ်ရှေ့မင်းဖြစ်၍ သုံးနှစ်ရှိသောအခါ ကောဇာ သက္ကရာဇ် (၇၄) ခုနှစ်တွင် သမုတိရာဇ်မင်းကြီးသည် အသက် (၇၇)နှစ်၌ နတ်ရွာစံလေသည်။

မင်းထီးသည် မင်းမပြုသေးဘဲ မိမိ၏ ငယ်စဉ်တောင်ကျေးကလေးဘဝ အချိန်က ပညာသင်ပေးခဲ့သော ဆရာရသေ့အား ကျေးဇူးတစ်ဖန်တုံ့ပြန်လိုသောကြောင့် လှူဝတ်လဲစေ၍ ထီးနန်းစည်းစိမ်ဖြင့် ပုဖော်ကာ ပုဂံပြည်ကြီးတွင် ဒုတိယမြောက်မင်းအဖြစ် တင်မြှောက်ခဲ့လေသည်။

ထိုကဲ့သို့ ရသေ့ကို လှူဝတ်လဲသည်ကို အကြောင်းပြု၍ ရသေ့ ကြောင်မင်းဟု အမည်တွင်ခဲ့လေသည်။

ကောဇာသက္ကရာဇ်(၇၄)ခုနှစ်တွင် ရသေ့ကြောင်မင်းဖြစ်၍ ထိုမင်းသည် အသက် (၁၀၆) နှစ် မင်းစည်းစိမ် (၁၅) နှစ်ရောက်သောအခါ ကောဇာ သက္ကရာဇ် (၈၉)ခုနှစ်တွင် နတ်ရွာစံလေသ၄ည်။

ထို့နောက် ကောဇာသက္ကရာဇ်(၈၉)ခုနှစ်တွင် မင်းထီးနန်းတက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုမင်းနန်းတက်စဉ် သိကြားမင်းက အခါပေး ဘိသိက်မြှောက်လျက် သိကြားမင်းက လက်ဝဲ ဗြဟ္မာမင်းက လက်ယာကိုင်၍ ဘိသိက်မြှောက်ခဲ့ပါသည်။

နတ်တို့က တူရိယာငါးပါးဖြင့် သာယာငြိမ့်ညောင်းစွာ တီးမှုတ်ကြလျက် သိကြားမင်းသည် မင်းမြှောက်တန်ဆာ (၅)ပါးနှင့်တကွ ရန်သူတို့ကို နှိမ်နင်းအောင်မြင်စေသော မင်း၏ အသုံးအဆောင် မင်းခမ်းမင်းနားတို့ကို ဆောင်နှင်းပေသည်။

သမုဒ္ဒရာဇ်မင်းကြီး၏ သမီးတော် သိရိစန္ဒာဒေဝီ မိဖုရားကို လက်ယာ၊ နဂါးမင်းကဆက်သသော နဂါးမင်း၏ သမီးတော် ဣရန္ဒဒေဝီ မိဖုရားကို လက်ဝဲမှာထားလျက် မင်္ဂလာဘိသိက်ပွဲသဘင်ကို ဆင်ယင်ကျင်းပတော်မူပါသည်။

ပျူစောထီးမင်းသည် မင်းအဖြစ်သို့ ရောက်တော်မူပြီးလျှင် မှူးမတ်ဗိုလ်ပါတို့ကို စည်းလုံးညီညွတ်စေလျက် တိုင်းရေးပြည်ရာအဖြာဖြာတို့ကို သုံးနှစ်တိုင်တိုင် ဆွေးနွေးတိုင်ပင်ကာ စီမံခန့်ခွဲ၍ အရိမဒ္ဒနာမြို့တော်ကြီးကို အုပ်ချုပ်တော်မူခဲ့လေသည်။

ထိုမင်းကား ပျူအိုလင်မယားတို့က မွေးမြူ၍ ကြီးပြင်းလာခဲ့မှုကြောင့် ပျူစောထီးမင်းဟု အမည်တွင်ခဲ့လေသည်။

ထိုမင်းလက်ထက်ရတနာမိုး သုံးကြိမ်ရွာသည်ဟု ဖော်ပြပါရှိသည်။

ပုဂံနေပြည်တော်ကြီးသည် ကကုသန်ဘုရားရှင်လက်ထက်တွင် ပဏ္ဏုပလာသဟုခေါ်တွင်ခဲ့ပြီး ကောဏဂုံဘုရားရှင်လက်ထက်တွင် တမ္ဗကုဋ္ဋိဟုခေါ်တွင်သည်။

နောက်ကဿပဘုရားလက်ထက်၌ မဓုဒေသ၊ ဂေါတမဘုရား လက်ထက် တမ္ဗဒီပဟုခေါ်တွင်ခဲ့ပြီး ပျူစောထီးမင်းလက်ထက်တွင် အရိမဒ္ဒနာ၊ အနော်ရထာမင်း အုပ်ချုပ်လာသောအခါ ပုဏ္ဏာဂါမဟု အသီးသီးခေါ်တွင်ခဲ့ကြလေသည်ဟု သမိုင်းဟောင်းများတွင် လေ့လာတွေ့ရှိရသည်။

BURMESE CLASSIC .com

## ပျူစောထီးမင်းတည်ထား ကောင်းမှုတော်များ

www.burmeseclassic.com

www.burmeseclassic.com



## ပျူစောထီးမင်းတည်ထား ကောင်းမှုတော်များ

ပျူစောထီးမင်းနန်းစံသုံးနှစ် ကောဇာသက္ကရာဇ် (၉၂)ခုနှစ်သို့ ရောက်သည့်အချိန်အခါတွင် ပျူစောထီးသည် ငှက်ကြီးအား လေးဖြင့်ပစ်သတ်၍ အောင်မြင်ရာဌာနတွင် ဘုရားစေတီများကို တည်ထားကိုးကွယ်ခဲ့လေသည်။

ထိုဘုရားကို ငှက်ပစ်တောင်ဘုရားဟု အမည်တွင်လေသည်။ ယင်းဘုရားသည် အမြင့်အားဖြင့် ၂၅ ပေခန့်မြင့်သော တောင်တန်းငယ်တစ်ခုပေါ်တွင် ပေ ၅၀ ခန့်မြင့်သော မုခ်လေးမျက်နှာနှင့် စေတီတစ်ဆူ မုခ်တစ်ခုနှင့် စေတီတစ်ဆူတို့ကို တည်ထားခဲ့သည်။

ထိုငှက်ပစ်တော်ဘုရားတွင်သာမကသေးပါ အောက်ပါဘုရားများကိုလည်း မင်းကြီး တည်ထားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com




၂။ ကျားကိုသတ်ရာအရပ်တွင် ကျားသတ်ဂူ
၃။ ရှူးပျံကိုသတ်ရာအရပ်တွင် ရှူးပျံသတ်ဘုရားနှင့် ဥမင်
၄။ ဝက်ကိုသတ်ရာအရပ်တွင် ဝက်သတ်ဘုရား
၅။ ငှက်ကြီးကို လေးနှင့်နှင်ရာအရပ်တွင် တည်ထားသောဘုရားကို လေးနှင်ဘုရား
၆။ ငှက်ကြီးကိုပစ်ရန် မြားကို ပြုပြင်ရာအရပ်တွင် ဘုရားနှင့်ဥမင် (ထိုဥမင်ကို ယခုအခါ မြားသဥမင်ဟု ခေါ်သည်)
၇။ ငှက်မမြင်စေခြင်းငှာ သမီးပျို (၇)ယောက်ကို ဖုက်ထားရာအရပ်တွင် ဘုရားနှင့် ဥမင် (ထိုဥမင် သမီးဖုက်ဥမင်ဟု ယနေ့တိုင် လေ့လာနိုင်သေး၏)
၈။ ငှက်ကြီး၏ အတောင်ကို သမီးပျို (၇)ယောက် မရွက်နိုင်၍ ပစ်ချခဲ့သော အရပ်၌ ငှက်တောင်ပစ်ဘုရား
၉။ မင်းကြီးသည် ဘုရားရှင် ဗျာဒိပ်ပေးတော်မူသည့် နိမိတ် (၅)ပါးထင်ရာ ပေါက်ပင်ပေါက်ရာ အရပ်၌ ဗူးဘုရား
၁၀။ ပေါက်ပင်ဘုရား
၁၁။ ဗျိုင်းဘုရား
၁၂။ ဖွတ်ဘုရား
၁၃။ ဖားဘုရား၊ (ငင်းပေါက်ပင်ဘုရား၊ ဗျိုင်းဘုရား၊ ဖွတ်ဘုရား၊ ဖားဘုရား ဘုရားလေးဆူတို့သည် ပုဂံမြို့ မီးမလောင်ကျောင်းဘုရား အနီးတွင် ထင်ရှားရှိ၏)
၁၄။ လေးကို ဆက်သရာဌာန၌ ဘုရား။
၁၅။ ငှက်ကြီးကို ခွဲမြှုပ်ရာအရပ်၌ ဘုရားနှင့်ဥမင်။

ပျူစောထီးမင်းသည် ထိုကဲ့သို့ ဘုရားဂူများကို တည်ထားကိုးကွယ်လျက် ကောင်းမှုတရားများ ပွားခဲ့ပါသည်။

## ပျူစောထီးမင်းနတ်ရွာစံခြင်း

www.burmeseclassic.com

www.burmeseclassic.com



## ပျူစောထီးမင်းနတ်ရွာစံခြင်း

ပျူစောထီးမင်းတွင် ကုရန္ဒဒေဝီမိဖုရားနှင့် သားသမီးမရှိခဲ့၊ သိရိစန္ဒာဒေဝီမိဖုရားတွင် ထီးမင်းယဉ်ဟူသော သားတော်တစ်ယောက် ဖွားမြင်တော်မူခဲ့၏။

ထီးမင်းယဉ်သည် အရွယ်သို့ရောက်လတ်သော် မင်းကြီးက အိမ်ရှေ့အရာကို ပေးသနားတော်မူလေ၏။

ပျူစောထီးမင်းသည် ဘုန်း၊ လက်ရုံး၊ အာဏာနှင့် ပြည့်စုံ၍ သိကြားမင်းတို့သည် အစဉ် မ,စသဖြင့် ဇမ္ဗူဒီပါကျွန်း၌ နေကုန်သော မင်း အပေါင်းတို့က ဆက်စာသဝန်နှင့် လက်ဆောင်ပဏ္ဏာ၊ သမီးကညာ၊ ရတနာ၊ ဆင်၊ မြင်းတို့ကို ဆက်သကုန်၏။ မင်းကျင့်တရားနှင့် ညီညွတ်စွာ ပြုကျင့်လျက် ဘုရားရှင်၏ သာသနာတော်ကိုလည်း အားပေးချီး မြှောက်တော်မူခဲ့လေသည်။

နောက်လာလတ္တံ့သော မင်းကောင်းမင်းမြတ်တို့၏ အစီးအပွား အလို့ငှာ ဂဝံပတော့ရသေ့၊ သိကြားတို့နှင့် တိုင်ပင်လျက် အတွေသုမမှ သတ္တေသုဂါထာကို ဦးစွာပြုသော ဓမ္မသတ်ကျမ်းကိုလည်း ပြုစုစီစဉ်တော်မူခဲ့၏။

မင်းကြီးသည် အသက်(၁၁၀)တွင် နတ်ရွာဘုံနန်း စံမြန်းရှာလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ပျူစောထီးလောင်းလျာအား ဥမှပေါက်ဖွားသည်ဟု ဆိုသောမှု

ကာလနဂါးမင်း၏ သား နဂါးကြောင်း၊ နဂါးကြောင်း၏သမီး ဇံသီးအမည်ရှိသော နဂါးမသည် သီတင်းသီလဆောက်တည်ရန် လူ့ပြည်သို့လာ၍ မလည်တောင်ယံအရပ်၌ နေသောအခါ နေနတ်သားနှင့် တွေ့ပြီး အကြောင်းဆက်၍ ပေါင်းဖက်ကြလေသည်။

ထိုနဂါးမတွင် ပဋိသန္ဓေရှိသောအခါ နေနတ်သားက ပစ်ခွာသွားခဲ့၍ နဂါးမလည်း ပဋိသန္ဓေဖွားအံ့သောငှာ ကျိုးဖြူတစ်ကောင်ကို နေနတ်သား ထံသို့ စေလွှတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နေနတ်သားသည် နဂါးမစေလွှတ်လိုက်သော ကျီးဖြူအား ပတ္တမြားတစ်လုံးကို ထုတ်၍ ပေးလိုက်သည်။

ထိုအခါမှ ကျီးဖြူလည်း ပြန်လာခဲ့လေသည်။ လမ်းခရီးအကြား၌ သဘော်ာကုန်သည်တို့ထမင်းစားကြသည်ကို မြင်သောအခါ ကျီးတို့၏ သဘောဝ စားကြွင်းစားကျန်များကို ကောက်စား၍နေလေသည်။

ထိုစဉ် သဘော်ာကုန်သည်တို့သည် ကျီးဖြူထားသော သစ်ပင်ခွ၌ရှိသည့် ပတ္တမြားထုပ်ကို မြင်တွေ့ကြ၍ ပတ္တမြားကို ယူပြီး ဝစ္စခြောက်(အညစ်အကြေး)ထုပ်ကို ထုပ်၍ သဘော်ာကုန်သည်တို့က လဲလှယ်ယူကာ နေရာတကျ ပြန်လည်ထားခဲ့ကြလေသည်။

ကျီးဖြူလည်း စားကြွင်းစားကျန်များကို ကောက်စားပြီး ထိုအထုပ်ကို အမှတ်တမဲ့ယူ၍ ပြန်လာခဲ့သည်။ ကျီးဖြူသည် နဂါးမရှိရာသို့ရောက်သော အခါ အထုပ်ကို နဂါးမအား ပေးလေသည်။

နဂါးမသည် ဝစ္စခြောက်(အညစ်အကြေး)ထုပ်ကို တွေ့မြင်လိုက်ရ၍ ဝမ်းနည်းကြေကွဲစွာဖြင့် မိမိ ပဋိသန္ဓေကို မလည်တောင်ယံ၌ ဥထားခဲ့ပြီး နဂါးပြည်သို့ ပြန်သွားလေတော့သည်။

ထိုအခါ မုဆိုးတစ်ယောက်ကို နတ်တို့လှည့်စားဆောင်ယူခဲ့၍ နဂါးမ ဥရာအရပ်သို့ ရောက်ရှိလေသည်။ ယင်းဥတို့ကို မုဆိုးတွေ့မြင်လေသော် နှစ်သက်ဝမ်းမြောက်စွာဖြင့် ယူဆောင်လာခဲ့သည်။

ထိုတွင် လမ်းခရီးအကြား မိုးကြီး သည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းမြောင်းတို့တွင် ရေများပြည့်လျှံစွာစီးဆင်းသဖြင့် မုဆိုးက ချောင်းမှ လျင်မြန်စွာ ကူးလိုက်ရာ မုဆိုးလက်မှ ဥများလွတ်၍ ဧရာဝတီမြစ်တွင်းသို့ မျောပါသွားလေတော့သည်။

တစ်လုံးဥကား မိုးကုတ်ကြပ်ပြင်အရပ်တွင် ကွဲလေသည်။ ၎င်းအရပ်တွင် ကျောက်သံ ပတ္တမြားဖြစ်ကြောင်းဆို၏။ ဥတစ်လုံးသည် ချောင်းတွင်



မျော၍ သင်းတွဲပြည်သို့ရောက်ပြီး မိန်းမရတနာဖွားသည်။ ထိုသတို့သမီး အရွယ်သို့ရောက်သောအခါ သင်းတွဲမင်းကြီး၏ မိဖုရားမြှောက်သည်ဟု အချို့ ရာဇဝင်ဆို၏။

အချို့သော ရာဇဝင်၌ ဂန္ဓလရာဇ်တိုင်းသို့ရောက်သည်။ တချို့က တကောင်းပြည်သို့ ရောက်ကြောင်း အသီးသီးဆိုကြလေသည်။

ကျန် ဥတစ်လုံးမှာ ညောင်ဦးအရပ်သို့ ရောက်ရှိလာ၍ မြေသင်းတွင်းရွာမှ ခဝါသည် ပျူအိုလင်မယားက ညောင်ဦးဆိပ်ကမ်းသို့ ခဝါ ဖွပ်လာရာတွင် တွေ့မြင်လေသည်။

ပျူအိုလင်မယားတို့သည် ထိုဥကို ဆယ်ယူခဲ့ပြီးသော် တုရွင်းတောင်ခြေရင်း၌ သီတင်းသုံးလျက်ရှိသည့် ရှင်ရသေ့အား ပြသလေ၏။

ရသေ့သည် လောကုတ်လောကီ ထိုနှစ်လီကို တတ်မြောက်သော ရသေ့ဖြစ်၍ ဤ ဥသည် မြတ်သောအဥ ဖြစ်ပေသည်။ ယင်းဥမှ ပေါက်ဖွားသော သူသည် ဘုန်း၊ ပညာ၊ လက္ခဏာနှင့် ပြည့်စုံလတ္တံ့၊ ခပ်သိမ်းသော ရန်သူတို့ကို နှိမ်နင်းနိုင်လတ္တံ့၊ ဘုရားရှင်၏ သာသနာတော်ကိုလည်း ကောင်းမွန်စွာ ဆောင်ရွက်အားပေးလတ္တံ့ ဟူ၍ မိန့်တော်မူလိုက်သည်။

ပျူအိုလင်မယားက ဝမ်းမြောက်ဝမ်းသာဖြင့် ထိုဥကို ရိုသေစွာ သိမ်းဆည်းထားကြလေသည်။ ယင်းဥသည် ချိန်ခါစေ့သဖြင့် ပေါက်ဖွားလေသော် အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော သတို့သားကို ဖွားမြင်၍ မိမိရင်၌ ဖြစ်သော သားကဲ့သို့ ချစ်ကြည်လေးယူ မွေးမြူခဲ့ကြသည်။

ကိုလုလင်သည် (၇)နှစ်သားအရွယ်သို့ရောက်သောအခါ ရှင်ရသေ့ အထံ၌ ပညာသင်ကြားရန် အပ်နှံလေသည်။

ဆရာရသေ့လည်း ဤသူငယ်သည် ဧကန်စင်စစ် မင်းဖြစ်လတ္တံ့ဟု သိတော်မူကာ မင်းထီးဟူသော အမည်ကို ပေးလေသည်။

မင်းလောင်းမင်းလျာတို့တတ်အပ်သော လေး အတတ်ပညာ အဋ္ဌာ

www.burmeseclassic.com

www.burmeseclassic.com



ရသအတတ်အမျိုးမျိုးတို့ကို အပြီးတိုင် တတ်မြောက်အောင် သင်ကြားပြသပေးလေ၏။ (၁၆)နှစ်အရွယ်သို့ရောက်သောအခါ ခမည်းတော်ဖြစ်သော နေနတ်သား ရတနာအတိပြီးသော နတ်လေးမြားတို့ကို လာရောက်၍ အပ်နှံတော်မူလေသည်။

မင်းထီးသည် လေးမြားတို့ယူပြီးသောအခါ ထိုလေးမြားတို့ကို စမ်းသပ်လို၍ တောလည်ရန် ပျူအိုလင်မယားတို့ထံ ခွင့်ပန်လေတော့သည်။ ထိုအခါ ပျူအိုလင်မယားက သား၏ ချစ်ခြင်းဖြင့် စိုးရိမ်သောကြောင့် ချစ်သား ဤပြည်တွင် အရှေ့အရပ်တွင် ဝက်ကြီး၊ အနောက်အရပ်တွင် ငှက်ကြီး၊ တောင်အရပ်တွင် ကျားကြီး၊ မြောက်အရပ်တွင် ရှူးပျံကြီး ၎င်း ရန်သူကြီးလေးဦးတို့သည် မင်းမူလျက်ရှိနေပေသည်။

ထိုရန်သူကြီးတို့အား ပြည့်ရှင်ဘုရင်မင်းမြတ်သော်မှ မအောင်နိုင်၍ နေ့စဉ်ဝက်ကြီးအား ဖရုံသီး ကိုးလှည်း၊ ဖွဲနု ကိုးလှည်း အမြဲပေးနေရပေသည်။

ငှက်ကြီးအားလည်း တစ်နေ့တစ်နေ့လျှင် သမီးကညာ တစ်ယောက်စီတွက်၍ ခုနစ်ရက်တစ်ကြိမ် သမီးကညာ ခုနစ်ယောက်ပေးနေရပေသည်။

ယင်းသို့ ကြောက်မက်ဖွယ်ကောင်းလှစွာသော ရန်သူကြီးတို့သည် တစ်ပြည်လုံးကို နှိပ်စက်၍နေသည်မှာ (၁၂)နှစ်တိုင်တိုင် ရှိခဲ့ချေပြီဟု ပြောဆို၍ ပျူအိုလင်မယားမှ တောလည်မသွားရန် အတန်တန်တားမြစ်ခဲ့လေ၏။

လုလင်သည် ပျူအိုလင်မယားအား နှစ်သိမ့်စကားပြောဆို၍ မိမိ၏ စွမ်းပကားနှင့် ခွန်အားကို ယုံကြည်လျက် ရန်သူရှိရာသို့သွားလေသည်။

တောင်အရပ်ရှိ ကျားကြီး၊ မြောက်အရပ်ရှိ ရှူးပျံကြီး၊ အရှေ့အရပ်ရှိ ဝက်ကြီးတို့နှင့် တွေ့လေသည်။ ထိုအခါ ခမည်းတော်ပေးလိုက်သော လေးလက်နက်ဖြင့် အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့လေသည်။

ထိုရန်သူကြီးတို့ကို နှိမ်နင်းပြီး အနောက်အရပ်ရှိ ငှက်ကြီးထံသို့ သွားရာ



လမ်းခရီးအကြား၌ ငှက်စာဆော်သူ (ငှက်ကြီးကို အမြဲအစာပေးရသူ) နှင့် တွေ့လေသသည်။

လုလင်က ငှက်စာဆော်သူအား အကြောင်းစုံကို မေးမြန်းသောအခါ ငှက်စာဆော်သူက ယနေ့သည် ငှက်စာကျွေးရမည့်နေ့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ငှက်စာပေးရန် (စောစကုံ၊ စောပု၊ စောဆွေ၊ စာမေ၊ စလေသူ စောတင်၊ စလင်းသူ စောကောက်၊ စောပေါက် အမည်ရှိ) အမျိုးသမီးပျို (၇)ယောက်တို့ကို ခေါ်ဆောင်လာကြောင်း ပြန်လည်ပြောပြလေသည်။ (၎င်းအမည်တို့သည် သမိုင်းဟောင်းတစ်ခုတွင် ပါရှိသည့်အတိုင်း ရေးသားဖော်ပြထားသည်)

လုလင်က ငါကဲ့သို့သောသူ ရှိနေပါလျက် ငှက်စာကျွေးရန် မလိုတော့ဟုပြောပြီး အမျိုးသမီးပျို (၇)ယောက်တို့အား လုံခြုံသောနေရာတွင် သိမ်းလျက် လုလင်သည် ကြောက်ရွံ့ခြင်းမရှိ ပကတိတည်ကြည်ခြင်းဖြင့် ရတနာအတိပြီးသော ဝရစိန်စဉ် သွားတပ်သော နတ်လေးမြားဖြင့် ငှက်ကြီးအား ခွင်းသတ်ခဲ့လေသည်။

ငှက်ကြီးသေပြီးသောအခါ ငှက်တောင်တစ်ချောင်းကို နုတ်၍ အမျိုးသမီးပျို (၇)ယောက်တို့အား သမုဒ္ဒရာဇ်မင်းကြီးထံ ဆက်သရန် စေလွှတ်လိုက်လေသည်။

ထိုအမျိုးသမီး (၇)ယောက်တို့သည် ရွက်ထားသော ငှက်တောင်သည် လေးလွန်းသောကြောင့် မင်းကြီးထံသို့ မသယ်ယူနိုင်၍ မရောက်ရှိတော့ဘဲ လမ်းခရီးအကြားတွင် ပစ်ချခဲ့ကြလေ၏။

ထိုပစ်ချခဲ့သော နေရာတွင် ထိုသူမင်းမြတ်လာသောအခါ ငှက်တောင်ပစ်ဘုရားဟု တည်ထားခဲ့လေသည်။

အမျိုးသမီးပျိုတို့က မင်းကြီးထံသို့ ဝင်ရောက်၍ သံတော်ဦးတင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းကြီးက လာရောက်၍ ရှုစားတော်မူသည်။ တောင်တန်းငယ်ခန့်ပမာဏရှိသော ငှက်သေနှင့်တကွ လုလင်အား တွေ့ရှိလေသော် မင်းကြီးက သင်၏အမျိုးအနွယ်နှင့် ခွန်းသတ်သော လက်နက်တို့ကို မေးမြန်းလေသည်။

လုလင်သည် ဟုတ်မှန်သည့်အတိုင်း လျှောက်တင်လေသည်။မင်းကြီးက အမျိုးအနွယ်ဘုန်းလက်ရုံးပညာနှင့် ပြည့်စုံသော လုလင်ကို သမီးတော်သီရိစန္ဒာဒေဝီနှင့် လက်ထပ်၍ အိမ်ရှေ့အရာကို ပေးသနားတော်မူလေသည်။

**မှတ်ချက်**

*ထိုသူ မင်းဖြစ်လာသောအခါ ယင်းငှက်ကြီးကို အောင်မြင်ရာဌာနတွင် ငှက်ပစ်တောင်ဘုရားဟု တည်ထားခဲ့ပါသည်။*

*မင်းအဖြစ်သို့ တင်မြှောက်ပုံနှင့် သူ၏ ကောင်းမှုတော်များ၊ နတ်ရွာစံခြင်းအခန်းကဏ္ဍတို့သည် ရှေ့ဇာတ်လမ်းနှင့် မထူးတော့ပါ။*

## မဟာငှက်ပစ်တောင် သံဃာတော်များအား အနှော်ရယာမင်းစသည်တို့က အားပေးလှူဒါန်းခဲ့ပုံများ

www.burmeseclassic.com

www.burmeseclassic.com



## မဟာငှက်ပစ်တောင် သံဃာတော်များအား အနော်ရထာမင်းစသည်တို့က အားပေးလှူဒါန်းခဲ့ပုံများ

အနော်ရထာမင်းသည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သောမင်းကြီးအဖြစ် ယနေ့အချိန်ထိ ရပ်တည်နေဆဲပင်ဖြစ်သည်။

မင်းကြီးသည် ဘုရားတည်၊ ကျောင်းဆောက်၊ ရေကန်များဖောက် လုပ်တူးဖော်ခြင်းစသော သာသနာရေးနှင့် ပြည်သူပြည်သားတို့ရဲ့ အရေးကို အားပေးဆောင်ရွက်ခဲ့၍ ယနေ့အချိန်ထိ ရပ်တည်နေဆဲပင်ဖြစ်ပါ သည်။

မင်းကြီးသည် သာသနာတော်ကို လွန်စွာကြည်ညိုသောစိတ်ထားရှိသည်ဖြစ်၍ ပျူစောထီးမင်းငှက်ကြီးကို လေးဖြင့် ခွင်းသတ်အောင်မြင်ခဲ့ သည့် မဟာငှက်ပစ်တောင်အရပ်ရှိ သီတင်းသုံးနေတော်မူသော သထုံအနွယ် ဆရာမြတ်တို့ထံသို့ ချဉ်းကပ်လျက် "သာသနာတော်ကို ချီးမြှောက်တော်မူရန် ကိစ္စရှိပါဘုရား" ဟု လျှောက်ထားသောအခါ–

www.burmeseclassic.com

www.burmeseclassic.com



မထေရ်မြတ်တို့ကလည်း ကောင်းလေစွဒကာတော်မင်းမြတ် နိဗ္ဗာန်အလို့ငှာ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ခြင်းမှာ အဘယ်သို့ ဆိုဖွယ်ရာမရှိ အလွန်ပင်ကောင်းမြတ်လှပါသည်ဟု အမိန့်ရှိတော်မူ လိုက်သည်။

ထိုအခါ မင်းကြီးလည်း ဝမ်းမြောက်ကြည်နူးစွာဖြင့် သထုံအနွယ် ဖြစ်သည့် သံဃာတော်များ စိတ်ချမ်းသာစွာ သီတင်းသုံးနေထိုင်နိုင်ရန် မဟာငှက်ပစ်တောင်ဘုရားအနီးတွင် မြေဥမင်ပေါင်း ၈၉၉ ဥမင်တို့ကို တူးဖော် ဖောက်လုပ်လှူဒါန်းခဲ့လေသည်။

ယင်းနောက် ရှင်အရဟံမထေရ်မြတ်သီတင်းသုံးစံပယ်တော်မူနိုင်ရန် ဇေတဝန်ကျောင်း(ခေါ်) ရှင်အရဟံအုတ်ကျောင်းဆောင်ကြီးလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

မင်းကြီးသည် ၎င်းဌာနတွင် အခြားသောကျောင်းများလည်း လှူဒါန်းခဲ့သေးသည်ဟု လေ့လာတွေ့ရှိရသည်။ နောက်တစ်ဖန် အနော်ရထာမင်းကြီးက မဟာငှက်ပစ်တောင်တိုက်၏ ဝတ္တကမြေအစဉ်ဖြစ်စေရန် ထိုဆရာမြတ်တို့အား နယ်ရှစ်ရပ်ပိုင်းခြားလျက် လှူဒါန်းခဲ့ပြန်သေး၏။ (လှူဒါန်းပုံနယ်နိမိတ်ကို စာရေးသူ၏ အနော်ရထာနှင့် ငှက်ပစ်တောင် သာသနာစာအုပ်တွင်လေ့လာနိုင်သည်)

နရပတိစည်သူမင်းသည်လည်း မဟာငှက်ပစ်တောင်ဂိုဏ်းချုပ်ဆရာတော်အရှင်ဉာဏမဥ္ဇူအမှူးထားလျက် မဟာငှက်ပစ်တောင်ရှိ သံဃာတော်တို့အား မြေဥမင်ပေါင်း တစ်ထောင့်လေးဆယ်တို့ကို တည်ဆောက်၍ ဝတ္တက လယ်ယာမြေနယ်နိမိတ်သတ်မှတ်ပိုင်းခြား၍ လှူဒါန်းခဲ့ပြန်သည်။

ပုဂံမင်းဆက်အသီးသီးတို့က မဟာငှက်ပစ်တောင်ဆရာတော်တို့ အားထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။

ထို့နောက် အင်းဝခေတ်သို့ရောက်ရှိလာသောအခါ ထူပါရုံဒါယကာတော်မင်းသည် နရပတိကြီးဆရာတော်သီတင်းသုံးရန် ဇေတဝန်ခြေတိုင်ဥ



မင်ကျောင်းဆောက်လုပ် လှူဒါန်းတော်မူခဲ့သည်။

ဘဝရှင်အလောင်းမင်းတရားကြီးသည်လည်း ရှေ့အနော်ရထာမင်းစသောမင်းများ၏ ထုံးနှလုံးမူလျက် 'အဘယဒါနငှက်ပစ်တောင်ကြီး' ဟု တံဆိပ်ရေးထွင်းစေပြီး မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ် တပို့တွဲလပြည့် ကျော် (၄)ရက်နေ့တွင် မင်းကြီးက ဝန်မင်းဇေယျာရန်အောင်ကိုစေခိုင်း၍ ယင်းတံဆိပ်ကို မဟာငှက်ပစ်တောင်ဂိုဏ်းချုပ်ဆရာတော် အရှင်ဓမ္မသာ သနကိတ္တိအား ကျောက်စာကဗျည်းစိုက်ထူလျက် လှူဒါန်းခဲ့ပါသည်။

ယင်းကျောက်စာမြန်မာပြန်ကို အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ပါသည်။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော စကြာဆင်ဖြူများသခင် ဘဝရှင်အလောင်းမင်းတရားကြီးသည်။ ငှက်ပစ်တောင်ကြီး၊ နယ်ရှစ်ရပ် နှင့် တံဆိပ်ဟောင်းတွင် အဘယဒါနအက္ခရာငါးလုံးထိုး၍ အဘယဒါန ငှက်ပစ်တာင်ကြီး တံဆိပ်ကိုလည်း ကပ်လှူတော်မူသည်။

နယ်ရှစ်ရပ်အတွင်းတွင် သတ္တဝါအပေါင်းတို့၏ ပစ္စုပ္ပန်သံသရာ ဘေးမဲ့ပေးခြင်း၊ မဟာဒါနအလှူကြီးကို လှူတော်မူသည်။

ငှက်ပစ်တောင်ကျောင်းတောင်အရပ်၌လည်း ကျောင်းဆောက်၍ လှူတော်မူသည်။

ကျောင်းပတ်လည် (၅၀၀)တာ အတွင်းတွင် ထန်းရည်၊ အရက်၊ ကစော်လှော်စာ၊ သားထိုး၊ နွားသတ်၊ ကျေးငှက်သားငါးသတ္တဝါ အပေါင်းတို့ကို သတ်ညှစ်ဖမ်းယူခြင်း။

သောက်စား ယစ်မူးခြင်းအမှုကို ပုဂံညောင်ဦးမှစ၍ အရပ်ရပ်မြို့နေ၊ ရွာနေ၊ ကျေးနေ၊ အစိုးရင်၊ သူကြီး၊ ထန်ခေါင်၊ ရွာဆော်၊ ရွာနေတို့ ကြည်ရှောင်ကြ။

အမိန့်တော်ကို ဖီဆန်ပြုကျင့်လျှင် အာဏာစက် ဓမ္မစက်နှင့်အညီ

www.burmeseclassic.com

www.burmeseclassic.com



ဆုမွန်ပိုက်ပွဲတော်မူသည်။ ၁၁၁၉ ခု တပို့တွဲလပြည့်ကျော် (၄) ရက်၊ သောကြာနေ့တွင် ဝန်မင်းဖေယျရန်အောင်ကို လှူစေသည်ဟူ၍ ကျောက်စာတွင် ရေးသားဖော်ပြထားပါသည်။ ထိုဘဝရှင်အလောင်းမင်းတရားကြီး နတ်ရွာစံပြီးသည့်နောက် ထိုမင်း၏ သားတော် စစ်ကိုင်းမင်းသည် ခမည်းတော်၏ ကောင်းမှုဖြစ်သည့် ကျောက်ဆောင်ကြီးသည် ဟောင်းနွမ်းဆွေးမြည့်နေသည်ကို သိရှိရ၍ ယင်းကျောင်းဆောင်ကြီးကို ပြန်လည်ပြုပြင်ပြီး ကျောင်းပတ်ပတ်လည် တာငါးရာကိုလည်း အရှည်ကင်မြေအဖြစ် ထပ်မံနိုင်မြဲစေရန် လှူဒါန်းခဲ့ပါသည်။

ယင်းနောက်အလောင်းမင်းတရားကြီး၏ သားတော် အင်းဝမြို့၊ တတိယမြို့တည် နန်းတည် ဆင်ဖြူရှင်မင်းတရားလက်ထက်ရောက်သည့်အခါ ထိုမင်းသည် ရှေးအစဉ်အဆက် သာသနာပြုကုသိုလ်ယူခဲ့ကြသည့် ခမည်းတော်နောင်တော်များ၏ ကောင်းမှုဖြစ်သည့် ကျောင်းကြီးကို တစ်ဖန်ပြန်လည်မွမ်းမံပြင်ဆင်စေခဲ့သည်။

အထက်ဖော်ပြပါ အနော်ရထာမင်း၊ အဝရှင်အလောင်းမင်းတရား၊ စစ်ကိုင်းမင်း၊ ဆင်ဖြူများရှင် မင်းတရားစသော မင်းအသီးသီးတို့သည် မဟာငှက်ပစ်တောင် ဂိုဏ်းချုပ်ဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော်များလည်း ဆက်ကပ်လှူဒါန်းခဲ့ကြသေး၏။ ယင်းဘွဲ့တံဆိပ်လှူဒါန်းခြင်းဆိုင်ရာ အသေးစိတ်ကို စာရေးသူ၏ အနော်ရထာနှင့် မဟာငှက်ပစ်တောင် သာသနာစာအုပ်တွင် လေ့လာနိုင်ကြပါသည်။

ယင်းကဲ့သို့ အနော်ရထာမင်းစသည့် မြန်မာဘုရင်မင်း အသီးသီးတို့၏ လှူဒါန်းအားပေးခြင်းကို ခံယူတော်မူခဲ့ကြသော မဟာငှက်ပစ်တောင် ဂိုဏ်းချုပ်ဆရာတော်များနှင့် သံဃာတော်များအား ယခုအခါတွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ( ယခင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ) မှ မဟာငှက်ပစ်တောင်သာသန



နယ်မြေသို့ သွားလာလွယ်ကူနိုင်စေရန် မြို့တွင်းမှ ဘုရားသို့ ကတ္တရာလမ်းခင်းပေးခြင်းကို ၁၃၅၄ ခုနှစ် တပေါင်းလဆုတ် ၁၄၊ (၁၉၉၃ခု မတ်လ ၂၁ ရက်) ရက်နေ့တွင် ဆောင်ရွက်လှူဒါန်းခဲ့ကြပါသည်။

ဘုရားနှင့် ကျောင်းအပါအဝင် အသုံးပြုရန် (ထရန်စဖော်မာ) မီးအားမြှင့်စက်တပ်ဆင်ခြင်းနှင့် နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့မှုကြောင့် ဟောင်းနွမ်းပျက်စီးနေသော အနော်ရထာမင်းက ရှင်အရဟံအား လှူဒါန်းခဲ့သည့် ရှင်အရဟံ အုတ်ကျောင်းဆောင်ကြီးအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ် ပထမဝါဆိုလပြည့် (ခရစ်နှစ် ၁၉၉၆ ခု၊ ဇွန်လ ၃၀ ရက်) တနင်္ဂနွေနေ့တွင် အောင်မြင်စွာဆောက်လုပ်ပြီးစီးလှူဒါန်းခဲ့သည်။

အနော်ရထာမင်းကြီး ဖောက်လုပ်လှူဒါန်းခဲ့သည့် မြေဥမင်တို့သည် နှစ်ပေါင်းများစွာ ကြာညောင်းခဲ့မှုကြောင့် ပျက်စီးနေသည်ကို ယင်းအဖွဲ့မှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုဖြင့် မြေဥမင်အချို့ဖြစ်သည့် မုခ်ဦး (၂၇)မုခ်ဦး ပြင်ဆင်ခြင်းနှင့် ၎င်းတို့ကို တံခါးများ တပ်ဆင်ခြင်း လျှောက်လမ်းများ အတွင်းနံရံသားများ ပြန်လည် မွမ်းမံပြုပြင်ခြင်း စသည်များကို နိုင်ငံတော်မှငွေကြေးများ အကုန်အကျခံကာပြုပြင် လှူဒါန်းခဲ့ကြပါသည်။

၎င်းအပြင် အဘယဒ္ဒါနေ မဟာငှက်ပစ်တောင်မြေ၏ သမိုင်းအကျဉ်းဟု ရေးသားဖော်ပြသည့် ကျောက်စာကမ္ပည်းစိုက်ထူ လှူဒါန်းခဲ့ကြသည်။

ထိုကဲ့သို့ ရှေးမြန်မာဘုရင်မင်းကြီးတို့နှင့်တကွ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံလျက် လှူဒါန်းအားပေးဆောင်ရွက်ခဲ့ကြ၍ ယခုအခါ မဟာငှက်ပစ်တောင်သည် ဘုရားဖူးလာရောက်ကြသူများဖြင့် ပြန်လည်စည်ကားလျက်ရှိနေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အနော်ရထာမင်းတည်ထား ရှင်ဂေါတမမြတ်စွာဘုရား

အနော်ရထာမင်းကြီးသည် မြန်မာသက္ကရာဇ် ၃၇၉ ခုနှစ်တွင် အရိမဒ္ဒနပူရ မည်သော ပုဂံပြည်တွင် ထီးနန်းစိုးစံအုပ်ချုပ်ခဲ့ပါသည်။

တိုမင်းကြီးသည် ပုဂံနေပြည်တော်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွား အကျိုးများအောင် ဆောင်ရွက်ခဲ့သော ပုဂံပြည်သူပြည်သားများ၏ ကျေးဇူးရှင်မင်းတစ်ပါး ဖြစ်ခဲ့သည်မှာ ရဟန်းရှင်လူ ပြည်သူအများ သိရှိပြီးဖြစ်ပါသည်။

ယင်းကဲ့သို့ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင် ပြန့်ပွားအကျိုးများအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ မြန်မာပြည်သာသနာပြု ရှင်အရဟံနှင့် အနော်ရထာမင်းကြီးတို့၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်လုပ်ကိုင်မှုများကို ဆရာ–ဒကာ လက်တွဲညီစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြခြင်းကြောင့်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် ညောင်ဦးမြို့ မဟာငှက်ပစ်တောင်ရှိ ရှင်ဂေါတမဗုဒ္ဓရှင်တော်မြတ်အား ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့် အနော်ရထာမင်းကြီးက တည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုပါသည်။

၎င်းရှင်ဂေါတမဗုဒ္ဓရုပ်ပွားတော်အား အချို့သောရာဇဝင်တွင် ပျူစောထီးမင်း တည်ထားခဲ့သည်ဟု လေ့လာတွေ့ရှိရပါသည်။

အမှန်မှာ ပျူစောထီးမင်း တည်ထားခဲ့သော ဘုရား မဖြစ်နိုင်ကြောင်း စာရေးသူ လေ့လာတွေ့ရှိရပါသည်။ အနော်ရထာမင်းကြီးသည် ရှင်အရဟံ မထေရ်မြတ်အား ဖူးတွေ့ရပြီး မထေရ်မြတ်၏ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးမှုကို ခံယူရ၍ ပီတိတရား ကြိမ်ဖန်များစွာ ဖြစ်ပေါ်စေခဲ့ပါသည်။

ထိုတွင် အရည်းကြီးများကို တိုင်းပြည်မှ နှင်ထုတ်ပြီးသည့်နောက် အနော်ရထာမင်းကြီးသည် ရှင်အရဟံမထေရ်မြတ်အား ဤကဲ့သို့ လျှောက်ထားခဲ့လေသည်။

'အရှင်မြတ်၏ ဆရာပုံသဏ္ဌာန် ရုပ်တုတော်အား ကိုးကွယ်လိုပါသည်' ဟု လျှောက်ထားလေရာ မထေရ်မြတ်က ကောင်းလေစွ ဒါယကာမင်းမြတ်၊ သာသနာအရှည် တည်တန့်ခိုင်ခံ့ရာဖြစ်သော ငှက်ကြီးကို လေးနှင့်ခွင်း သတ်၍ အောင်မြင်ခဲ့သည့် ငှက်ပစ်တောင်ဌာန၌ ဂေါတမအမည်ဖြင့် ဘုရား တည်ထား ကိုးကွယ်ရန် အမိန့်ရှိသဖြင့် မင်းကြီးသည် လွန်စွာ ပီတိသောမနဿ ဖြစ်လျက် မှူးကြီးမတ်ရာ၊ သေနာပတိတို့နှင့် တိုင်ပင်၍ စကြမင်း၊ စတုလောကပါလ နတ်မင်းကြီးတို့၏ အကူအညီကို ရယူလျက် ရှင်ဂေါတမဗုဒ္ဓ ရုပ်ပွားတော်အား တည်ထားကိုးကွယ်ခဲ့သည်ဟူ၍ သကုဏာ ဝိစ္ဆပဗ္ဗတနာ မတင့်ဆန်း မဟာငှက်ပစ်တောင်ရာဇဝင် သမိုင်းတွင် ရေးသားဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပေသည်။

ထိုရှင်ဂေါတမဘုရားသည် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားထက် တစ်ဝါကြီးသည်ဟူ၍ ၎င်းသမိုင်းတွင် ရေးသားဖော်ပြထားပါသည်။ ရွှေစည်းခုံဘုရားသည် မြန်မာသက္ကရာဇ် ၄၂၁ ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည်။ သို့ပါ၍ ရှင်ဂေါတမဘုရားအား မြန်မာသက္ကရာဇ် ၄၂၀ ပြည့်နှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။



ရှင်ဂေါတမ(ရုပ်ပွားတော်)သည် အကျယ် ၁၈ ပေခန့်၊ အမြင့်အားဖြင့် ၂၁ ပေခန့် မြင့်သည့်၊ ဂန္ဓကုဋီတိုက်အတွင်းဝယ် ခမ်းနားထည်ဝါစွာ တည်ထားသော ဉာဏ်တော်အမြင့် ၁၈ ပေခန့်ရှိ ရုပ်ပွားတော်တစ်ဆူ ဖြစ်ပေသည်။ ယင်းရုပ်ပွားတော်သည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် သက်တော်ထင်ရှား သီတင်းသုံးနေသည့်အလား ကြည်ညိုဖွယ် အလွန်ကောင်းသော ရှေးဟောင်း ရုပ်ပွားတော်တစ်ဆူ ဖြစ်သည်။

ဂန္ဓကုဋီတိုက်အတွင်းသို့ ဝင်ရောက်ဖူးမျှော်ကြမည်ဟု ဆိုပါလျှင် သဒ္ဓါတရား တဖွားဖွား ဖြစ်ပေါ်လျက် ဂုဏ်တော်တရား ဘာဝနာများ အားထုတ်လိုသော စိတ်ဆန္ဒဖြစ်ကာ စိတ်ချမ်းမြေ့မှုကိုလည်း တွေ့ကြုံခံစားကြရမည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှင်အရဟံ   အုတ်ကျောင်းပြုပြင်တည်ဆောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



## ရှင်အရဟံ အုတ်ကျောင်းပြုပြင်တည်ဆောက်ခြင်း

ရှင်အရဟံအုတ်ကျောင်း ပြုပြင်တည်ဆောက်ခြင်း အကြောင်းအရာများကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၁၉၉၇ ခုနှစ် မေလတွင် ထုတ်ဝေသော ရှင်အရဟံမထေရ်မြတ်၏ ထေရုပ္ပတ္တိနှင့် ရှင်အရဟံအုတ်ကျောင်းပြုပြင်တည် ဆောက်မှု မှတ်တမ်းစာအုပ်မှ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

### အုတ်ကျောင်းတည်နေရာ

ညောင်ဦးမြို့ အရှေ့တောင်ဘက်ပိုင်း မဟာငှက်ပစ်တောင်ဘုရားဝင်း အတွင်း ငှက်ပစ်တောင်ဘုရား နှစ်ဆူ၏ အနောက်ဘက်တွင် တည်ရှိသည်။ အုတ်ကျောင်းမှာ အမြင့် ၂၁ ပေ၊ အရှေ့အနောက် ၈၅ ပေ၊ တောင်မြောက် ၅၆ ပေ ရှိ၍ တံတိုင်းမှာ အရှေ့အနောက် ၁၁၉ ပေ၊ တောင်မြောက် ၁၀၇ ပေ ရှိသည်။

www.burmeseclassic.com



### ပြုပြင်တည်ဆောက်ခြင်း၏ ရည်ရွယ်ချက်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟူသော လူမှုရေးဦးတည်ချက်များနှင့်အညီ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းလျက်ရှိပါသည်။ အထူးသဖြင့် ပုဂံဒေသတွင် တည်ရှိနေသော ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံများကို ရှေးမူလက်ရာမပျက် ပြုပြင်ထိန်းသိမ်းလျက်ရှိပါသည်။

၁၉၉၅ ခုနှစ်၊ ဧပြီလတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပုဂံဒေသသို့ ရောက်ရှိစဉ် ညောင်ဦးမြို့ မဟာငှက်ပစ်တောင် ဘုရားဝင်းအတွင်းရှိ ရှင်အရဟံမထေရ်မြတ် သီတင်းသုံးနေထိုင်ခဲ့သော ရှင်အရဟံ အုတ်ကျောင်းနှင့် ရှင်အရဟံသမုတ်ခဲ့သော ရှင်အရဟံ သိမ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ရှင်အရဟံမထေရ်မြတ်သည် မြန်မာနိုင်ငံသို့ မြတ်စွာဘုရား၏ ပိဋကတ်သုံးပုံ အစုံသုံးဆယ်နှင့် ဓာတ်တော်မွေတော်များ ပင့်ဆောင်ရရှိအောင် လမ်းညွှန်ပြသခဲ့သူဖြစ်သည့်အပြင် မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ တိုးတက်ထွန်းကားစည်ပင် ပြန့်ပွားအောင် စွမ်းဆောင်ခဲ့သော ကျေးဇူးရှင် ပုဂ္ဂိုလ်ထူးဖြစ်၍ ရှင်အရဟံမထေရ်မြတ်အား ဂုဏ်ပြုသောအားဖြင့် ရှင်အရဟံအုတ်ကျောင်းအား ပြန်လည်ဖော်ထုတ်ထိန်းသိမ်း တည်ဆောက်ရန် လမ်းညွှန်မိန့်ကြားသွားခဲ့ပါသည်။

ယင်းကဲ့သို့ လမ်းညွှန်မိန့်ကြားချက်အရ ၁၉၉၅ ခု၊ ဇွန်လ ၁ ရက်နေ့မှစ၍ အုတ်ကျောင်း၏ အရှေ့ဘက် ဥပစာ ဓမ္မသာလာသစ်သားဆောင်နေရာ



တွင် တိုင်ရာများကို တူးဖော်ရှာဖွေခဲ့ပါသည်။ ယင်းသို့ တူးဖော်ရှာဖွေခဲ့ရာတွင် ယခု စိုက်ထူထားသော တိုင်လုံးကြီးများနေရာ အောက်တည့်တည့်တွင် မူလတိုင်အောက်တွင် ခံထားသည့် ကျောက်ခွက်ကြီးများကို တွေ့ရှိခဲ့ပါသည်။ အဆိုပါ တိုင်အောက်ခံ ကျောက်ခွက်နေရာများအတိုင်း ယခု သစ်မာတိုင်များအား တိုင်လုံးဖြစ်အောင် ပြုလုပ်စိုက်ထူခဲ့ပါသည်။

### မူလအုတ်ကျောင်းတည်ဆောက်ထားရှိခဲ့ပုံ

ပုဂံခေတ် အုတ်ကျောင်းများ တည်ဆောက်ထားခဲ့သည့်အတိုင်း နောက်ဘက်တွင် အုတ်အဆောက်အအုံဖြစ်ပြီး၊ ရှေ့ဥပစာတွင် တရားဟောရာ ဓမ္မသာလာ သစ်သားဆောင်ရှိပါသည်။ ဓမ္မသာလာ့ ရင်ပြင်ဘေးပတ်လည်တွင် သဲကျောက်တုံး တန်းများ တွေ့ရှိရပါသည်။ ၎င်းအပြင် အုတ်ကျောင်းနေရာ့တွင် ၁၉၈၃ ခုနှစ်ခန့်က သဲ၊ ခဲ၊ ပေါင်းမြက်များ ရှင်းလင်းရာမှ ဓမ္မသာလာဆောင်နေရာမှ အလျား ၁၀ လက်မ၊ အနံ ၄ လက်မ၊ ထု ၃ လက်မရှိ အုတ်ကြွပ်ပြား များစွာ ရရှိခဲ့ပါသည်။

နောက်ဘက် သုံးမျက်နှာ ဘေးဘက်တွင်ရှိသော စကြံပတ်လမ်းမှာ အဖီမိုးနှင့်တကွ မူလက ရှိခဲ့ပါသည်။ ယင်းအဖီအမိုးမှာလည်း အုတ်ကြွပ်ပင်မိုးခဲ့သည်ဟု ယူဆရပါသည်။ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့တွင် မူလတံတိုင်းဟောင်း ကျန်ရှိခဲ့သည်။ ယခု ထပ်မံ၍ ပြုပြင်ထားပြီးဖြစ်ပါသည်။ အရှေ့ဘက်နံရံ အပြင်ဘက်တွင် ဓမ္မပလ္လင်နှင့် တံကဲ ကြွင်းကျန်ရစ်ပါသည်။

### မပြုပြင်မီ ကျန်ရှိသော အုပ်ကျောင်းအနေအထား

လက်ရှိအုတ်တိုက်မှာ နံရံအမြင့် ၁၀ ပေ ခန့်သာ ကျန်ရှိပြီး အပေါ်ပိုင်းအမိုးပေါင်းကူးမရှိတော့ပါ။ ဘေးပတ်လည် တံတိုင်းများမှာလည်း သဲ၊ ခဲ

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ပြည့်နေပြီး တံတိုင်းပျောက်လုမတတ် နှစ်မြုပ်နေခဲ့ပါသည်။ အုတ်တိုက်နံရံတွင် သစ်သားအမိုးလည်ပေါ်နှစ်ဆင့်နှင့် အမိုးဒိုင်းရာများ ကျန်ရှိနေသေးသဖြင့် ယင်းအရာများအတိုင်း အမိုးပြုလုပ်နိုင်ခဲ့ပါသည်။ အရှေ့နံရံတွင် ဓမ္မပလ္လင်နှင့် မုခ်ကပ်အချို့ ကျန်ပါသည်။ မုခ်ကပ်အချို့မျက်နှာကြက်တွင် နံရံဆေးရေးပန်းချီ အနည်းငယ် ကျန်ရှိပါသည်။ အနောက်ဘက် အုတ်တိုက်နံရံပတ်လည်တွင်လည်း အဖီပတ်လည်မူလက ရှိခဲ့ကြောင်း အရာများ၊ အထောက်အထားများ တွေ့ရှိရပါသည်။

**အုတ်ကျောင်းပြန်လည် တည်ဆောက်မှုအခြေအနေ**

နောက်ဘက်အုတ်တိုက်ကို အပေါ်ပိုင်းနံရံပတ်လည်၌ အုတ်ရိုးဖြည့်စီ၍ ရှေးမူအတိုင်း သပ်စီပေါင်းကူး (Radiating Arch)ဖြင့် အမိုးပြန်လည်တည်ဆောက်ပြီး ဖြစ်ပါသည်။ ဖောင်း၊ ချင်မိတ်၊ မျက်ရစ်၊ စိန်တန်းများလည်း ထည့်သွင်းတည်ဆောက်ပါသည်။ အရှေ့ဘက် ဓမ္မသာလာဆောင်တွင် မူလတိုင်ရာများအတိုင်း အသားဆောင် လည်ပေါ်နှစ်ထပ်ဖြင့် ပြန်လည်အစားထိုးကာ အမိုးမိုးပါသည်။ အုတ်ကျောင်း၏ အရှေ့ဉပစာ ဓမ္မသာလာတွင်သာမက ပတ်လည်နံရံ အဖီအမိုးများကိုလည်း ရှေးမူအတိုင်း အုတ်ကြွပ်မိုးပြီးဖြစ်ပါသည်။ မျက်နှာကြက်နှင့် ပန်းဆွဲတန်းများ၊ မြင့်မိုရ်ပိတ်ပန်းများ၊ ချင်မိတ်တိုးပန်းများနှင့် မြန်မာမှု မြန်မာ့ဟန်သစ်သားပန်းပုလက်ရာများကိုလည်း မူလလက်ရာအတိုင်း ပြုလုပ်တပ်ဆင်ပြီးစီးသွားပြီ ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အုတ်တိုက်အတွင်းတွင် ရှင်အရဟံမထေရ်မြတ်ပုံနှင့် အရှေ့နံရံရှိ မုခ်ကပ်အချိုင့်တွင် ဗုဒ္ဓမြတ်စွာဘုရားဆင်းတု တစ်ဆူထားရှိရန် လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်အရဟံမထေရ်မြတ်ပုံရုပ်တု ဆင်းတု ထားရှိမည့် သောင်ရမ်းခေတ် ခုတင်သောင်စောင်းတစ်လုံးကို ငှက်ပစ်တောင်ကျောင်းတိုက် ဆရာတော် ဦးသဒ္ဓမ္မပါလက ချီးမြှင့်သဖြင့်



လက်ခံရရှိခဲ့ပါသည်။ အဆိုပါ ခုတင် သောင်စောင်းကို အုတ်တိုက်အတွင်း၌ ရှင်အရဟံပုံရုပ်တု ထင်၍ ထားပြီး ရှေးဟောင်းစာတိုက် တစ်လုံးနှင့်အတူ ထားရှိပြီးဖြစ်ပါသည်။ ပလာစတာ ပုံလောင်းဗုဒ္ဓဆင်းတုတစ်ဆူကိုလည်း ဓမ္မပလ္လင်ထက်တွင် ပူဇော်ထားရှိပြီး ဖြစ်ပါသည်။

၁၉၉၅ ခု၊ ဩဂုတ်လ (၁၃) ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး လာရောက်ကြည့်ရှုစစ်ဆေးသော ခရီးစဉ်တွင် ဥက္ကဋ္ဌကြီးက တိုင်လုံးများကို ဟသ်ပဒါးသုတ်လိမ်းကာ ပန်းအလှများထည့်ပြီး လိုအပ်သောနေရာတွင် ရွှေဆေးချရန် ထပ်မံလမ်းညွှန်မိန့်ကြားချက်အရ တိုင်များကို အချောကိုင်၍ ဆေးနီသုတ်ခြင်း၊ တိုင်ကလပ်၊ တိုင်လည်၊ တိုင်ခြေတို့တွင် သရိုးပန်းကြွပန်းများ တပ်ဆင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။

အုတ်လုပ်ငန်းအနေဖြင့် အုတ်တိုက်တောင်ဘက်နှင့် မြောက်ဘက် တံတိုင်းမုခ်တံကဲပြုလုပ်ခြင်း၊ တောင်ဘက်မျက်နှာ၊ မြောက်ဘက်မျက်နှာနှင့် အနောက်ဘက်မျက်နှာစာတို့၌ တံတိုင်းများပြုလုပ်ခြင်း၊ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ထို့ပြင် ဓမ္မသာလာဆောင်အတွင်းနှင့် ဘေးပတ်လည်တို့၌ သဲကျောက်ပြားများ စီခင်းပြီး ဖြစ်ပါသည်။

ဓာတ်ပုံတွင် ဖော်ပြထားသည့်အတိုင်း အုတ်ခုံနှင့်တကွ မြန်မာဆန်သော ကျောက်စာတိုက်တစ်ခုကိုလည်း ရှင်အရဟံမထေရ်မြတ်၏ ထေရုပ္ပတ္တိနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် ရှင်အရဟံ အုတ်ကျောင်းပြန်လည် ထိန်းသိမ်းပြုပြင်မှု မှတ်တမ်းမော်ကွန်းကျောက်စာတိုင် ထားရှိရန် မြန်မာမှု အမွှမ်းပန်းများဖြင့် တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ပါသည်။

ရှင်အရဟံ အုတ်ကျောင်းနှင့် မော်ကွန်းကျောက်စာတိုက် ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများအပြင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ ဥက္ကဋ္ဌကြီး ၁၉၉၆ ခု၊ ဧပြီလအတွင်း ပုဂံသို့ လာရောက်စဉ်က ရှင်အရဟံအုတ်ကျောင်း၏ ဥပစာတွင် မြက်ခင်းနှင့် ပန်းအလှများ စိုက်ပျိုးထားရှိရန် ထပ်မံလမ်းညွှန်မှာကြားချက်အရ မြက်ခင်းနှင့် ပန်းအလှများ စိုက်ပျိုးထားပြီး ဖြစ်ပါသည်။

အရှင်အရဟံအုတ်ကျောင်း ဓမ္မသာလာဆောင်နှင့် တံတိုင်းပြန်လည်ဖော်ထုတ်တည်ဆောက်ခြင်း၊ အုတ်ကျောင်းအတွင်း၌ ဗုဒ္ဓမြတ်စွာဘုရားရုပ်ပွားဆင်းတုတော်တစ်ဆူနှင့် ရှင်အရဟံမထေရ်မြတ်ရုပ်တုများ ထားရှိပူဇော်ခြင်း၊ ရှင်အရဟံမထေရ်မြတ်၏ ထေရုပ္ပတ္တိနှင့် အုတ်ကျောင်းပြုပြင်မှုမှတ်တမ်း မော်ကွန်းကျောက်စာ ရေးထိုးခြင်း၊ မော်ကွန်းကျောက်စာတိုက်ပြုလုပ်ခြင်း၊ ဥပစာတွင် မြက်ခင်းနှင့် ပန်းအလှ စိုက်ပျိုးခြင်းလုပ်ငန်း အဝဝအတွက် နိုင်ငံတော်က ၁၉၉၅–၉၆ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ကျပ်ငွေသိန်း (၂၀) သုံးစွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ဤကဲ့သို့ သာသနာပြုပုဂ္ဂိုလ်ထူးရှင် အရဟံမထေရ်မြတ် အထိမ်းအမှတ်ဖြစ်သော ရှင်အရဟံအုတ်ကျောင်းကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်း တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားစေရန် ဆောင်ရွက်ခဲ့သူ ရှင်အရဟံမထေရ်မြတ်၏ ဂုဏ်ကျေးဇူးကို အထူးသိမြင်နားလည်လာစေမည့်အပြင် ဗုဒ္ဓသာသနာ အရှည်သန်၍ တည်တံ့စေရေးအတွက်လည်း အထောက်အကူပြုစေလိမ့်မည် ဖြစ်ပါတော့သည်။

## မဟာငှက်ပစ်တောင်ရှိ တိုက်စောင်နှတ်ကြီးများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

## မဟာငှက်ပစ်တောင်ရှိ တိုက်စောင့်နတ်ကြီးများ

မဟာငှက်ပစ်တောင်ဘုရားကုန်းတော်ပေါ်မှ အရှေ့ဘက်အုတ်လှေကားအတိုင်း ဆင်းသွားမည်ဆိုပါက တောင်ဘက်(လက်ယာ)တွင် ကပ်လျက် တည်ရှိသော အဆောက်အအုံအတွင်း၌ တိုက်စောင့်နတ်ကြီးများကို တွေ့ရှိနိုင်ကြပါသည်။

အနော်ရထာမင်းကြီးက မဟာငှက်ပစ်တောင်ကျောင်းတိုက်ကြီးနှင့် ဆရာတော်များအား နေ့ညမပြတ်စောင့်ရှောက်နိုင်စေရန် သောတပန်နတ်၊ မဟာဂိရိနတ်၊ ပြုမြင်းစီးနတ်၊ ကုဝေရနတ်တို့ကို နတ်ဂူအဆောက်အအုံ ဆောက်လုပ်လှူဒါန်းစေလျက် ထားရှိခဲ့သော နတ်ကြီးများဖြစ်သည်။

ထို့ကြောင့် မဟာငှက်ပစ်တောင် တိုက်စောင့်နတ်ဟု ခေါ်တွင်ခဲ့ပါသည်။ ထိုနတ်လေးပါးတို့သည် မဟာငှက်ပစ်တောင် တိုက်ကြီးအား စောင့်ရှောက်ခဲ့ပုံနှင့် သာသနာတော်ကို အားပေးစောင့်ရှောက်လှူဒါန်းလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိကြသော သူတော်စင်များ သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိကြသော သာသနာ့ဝန်ထမ်းများအား အထူးစောင့်ရှောက်ပုံများကို ဆရာတော်ကြီးများက မိန့်ဆိုခဲ့ဖူးသည်များကို တင်ပြလိုပေသည်။

ဂျပန်ခေတ်အခါက ညောင်ဦးမြို့တွင်းမှ ဒကာ ဒကာမများသည် ဗုံးဒဏ်၊ ဆစ်ဒဏ်မခံကြရလေအောင် ကျောင်းတိုက်အတွင်း၌ ခိုအောင်း နေထိုင်ခဲ့ကြရလေသည်။

ထိုအချိန်တွင် ဂျပန်စစ်သည်များက အမြောက်ကျည်ဆန်၊ ဗုံးများ ကြဲ၍ တိုက်ခိုက်ကြပါသည်။ သို့သော် ၎င်းအမြောက်ကျည်ဆန်၊ ဗုံးများကြောင့် ထိမှန်သေဆုံးမှုများ မရှိခဲ့ဟုဆိုပါသည်။

ကို့အပြင် အဆိပ်ရှိမြွေ စသောသတ္တဝါများသည် ကျောင်းတိုက်အတွင်း၌ ရှိနေကြသော်လည်း ၎င်းအဆိပ်ရှိသတ္တဝါများ ကိုက်ခဲပါက သေကြေပျက်စီးခြင်းမရှိ၊ ကျောင်းတိုက်အပြင်၌ အကိုက်ခံရလျှင်ပင် ကျောင်းတိုက်ထဲသို့ ဝင်မိပါက အဆိပ်များ ပြေသွားသည်ဟု ထိုခေတ်အခါ ပြောလေ့ရှိခဲ့ကြပါသည်။

ယခုခေတ်အခါတွင်လည်း စာရေးသူ ဤကျောင်းတိုက်သို့ရောက်ရှိခဲ့သည်မှာ နှစ်ပေါင်း (၃၅)နှစ်ခန့်ရှိပါပြီ။ ယနေ့အချိန်ထိ မြွေ စသော အဆိပ်ရှိသတ္တဝါများ ကျောင်းတိုက်အတွင်း၌ ရှိနေကြသော်လည်း လူများကို အန္တရာယ်ပေးလေ့ မရှိခဲ့သည်ကို တွေ့ရှိရပါသည်။

ဆို့ပါ၍ မဟာငှက်ပစ်တောင်သာသနာ့နယ်မြေရှိ အနော်ရထာမင်းကြီးလှူဒါန်းထားရှိခဲ့သော နတ်နန်းသို့ လာရောက်ပူဇော်ပသကြသူများသည် သွားလမ်းသာ၍ လာလမ်းများ ဖြောင့်တန်းခြင်း၊ ဘေးဥပဒ် အန္တရာယ်များမှ ကင်းဝေးခြင်း၊ ရာထူးဌာနန္တရများ တိုးတက်ခြင်းနှင့် စီးပွားဥစ္စာ လာဘ်လာဘများ တိုးပွားခြင်းအစရှိသည်တို့ကို ပြန်တွေ့ကြုံ ခံစားကြရမည် ဖြစ်လေသည်။

BURMESE CLASSIC .com

မဟာငှက်ပစ်တောင်ဂိုဏ်းကြီးကိုအုပ်ချုပ်တော်မူခဲ့ကြသည့်
ဂိုဏ်းချုပ် ဆရာတော်ကြီးတို့၏ ထေရုပ္ပတ္တိ

www.burmeseclassic.com

www.burmeseclassic.com

## မဟာငှက်ပစ်တောင်ဂိုဏ်းကြီးကိုအုပ်ချုပ်တော်မူခဲ့ကြသည့် ဂိုဏ်းချုပ် ဆရာတော်ကြီးတို့၏ ထေရ်စဉ်

ပုဂံပြည်ဝယ် အနော်ရထာမင်းကြီးသည် ရှင်အရဟံ မထေရ်မြတ်၏ လမ်းညွှန်မှုဖြင့် သထုံပြည်မှ ပင့်ဆောင်ခဲ့သော သံဃာတော်အရှင်မြတ်တို့အား တာမဏိအရပ်၊ မြင်းကပါအရပ်၊ တုပ်ဝပ်တောင်အရပ် ထိုအရပ်တို့တွင် ၅၀၀ စီသော သံဃာတော်များကို အသီးသီး သိမ်တင်းသုံးတော်မူစေပြီး ငှက်ပစ်တောင်အရပ်တွင် (၁၅၀၀)သော သံဃာများကို သိမ်တင်းသုံးစေလျက် ယင်းကဲ့သို့ သံဃာဂိုဏ်းကြီး လေးဂိုဏ်းတို့ကို မြန်မာသက္ကရာဇ် ၄၂၃ ခုနှစ်တွင် ဖွဲ့စည်းသတ်မှတ်ခဲ့လေသည်။

ထိုအချိန်မှစတင်၍ မဟာငှက်ပစ်တောင်သည် သံဃာတော်များ သိမ်တင်းသုံးသော အချက်အချာဌာနတစ်ခုအဖြစ် သမိုင်းဝင်သာသန နယ်မြေ ဖြစ်ပေါ်ခဲ့လေသည်။

မင်းကြီးသည် ထိုသံဃာဂိုဏ်းကြီးလေးဂိုဏ်းရှိ သံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့် လှူဒါန်းပူဇော်လျက်ရှိခဲ့ပါသည်။

ယခုအခါတွင် တာမဏိဂိုဏ်း၌ သံဃာအစဉ်အဆက်မှာ လုံးဝမရှိတော့ဘဲ မြင်းကပါနှင့် တုပ်ဝပ်တောင်တို့တွင် သံဃာအစဉ်အဆက် အနည်းငယ်မျှသာ တွေ့ရှိရပါတော့သည်။

မဟာငှက်ပစ်တောင်ဂိုဏ်းကြီးတစ်ခုသာလျှင် အောက်ပါထေရ်စဉ်တို့ဖြင့် သာသနာတော်ကြီးကို တစ်နည်းအားဖြင့် မဟာငှက်ပစ်တောင်ဂိုဏ်းကြီးကို စောင့်ရှောက်တော်မူခဲ့ကြပါသည်။

BURMESE CLASSIC .com



## မဟာငှက်ပစ်တောင်ထေရ်စဉ်
## ရှင်အရဟံမြန်မာပြည်သာသနာအစတည်တော်မူသည်

၁။ အရှင်ဥတ္တရာဇီဝ
၂။ အရှင်အနုရုဒ္ဓါ
၃။ အရှင်အဂ္ဂသာမိ
၄။ အရှင်မဟာအရိယဝံသ
၅။ အရှင်ဥပါလိ
၆။ အရှင်ရေဝတ
၇။ အရှင်သဒ္ဓမ္မသာရ
၈။ အရှင်ဓမ္မသိရီ
၉။ အရှင်သာသနာဓဇ
၁၀။ အရှင်ဗုဒ္ဓရာမ
၁၁။ အရှင်ဗုဒ္ဓရက္ခိတ
၁၂။ အရှင်မဟိန္ဒဃောသ
၁၃။ အရှင်ရေဝတ
၁၄။ အရှင်ယသ
၁၅။ အရှင်ပုညာဘိရာမ
၁၆။ အရှင်မဟာသမ္မောဓိ
၁၇။ အရှင်မဟာသာမိ
၁၈။ အရှင်ဇမ္ဗုဓဇ
၁၉။ အရှင်ညာဏမဥ္ဇူ
၂၀။ အရှင်သာသနာဘိရ
၂၁။ အရှင်ဘဒ္ဒသာမိ
၂၂။ အရှင်နန္ဒပညာ
၂၃။ အရှင်ဓိသာပါမောက္ခ
၂၄။ အရှင်ညာဏဝရ
၂၅။ အရှင်သိရိနန္ဒ
၂၆။ အရှင်ပညာဇောတ
၂၇။ အရှင်ဇောတိသာရ
၂၈။ အရှင်ဥတ္တမသိက္ခာ
၂၉။ အရှင်ဂုဏာကရ
၃၀။ အရှင်ဂုဏမဥ္ဇူ
၃၁။ အရှင်လင်္ကာဒီပ
၃၂။ အရှင်သုဇာဓါလင်္ကာရ
၃၃။ အရှင်သုဗေဓါ
၃၄။ အရှင်ညာဏဝရ
၃၅။ အရှင်သီလဝံသ
၃၆။ အရှင်ပညာစက္က
၃၇။ အရှင်ပညာဒီပ
၃၈။ အရှင်ဝရဓမ္မ
၃၉။ အရှင်မဏိမာလာ
၄၀။ အရှင်ဥတ္တမာလင်္ကာရ
၄၁။ အရှင်ပုညာဘိရတိ
၄၂။ အရှင်သိမ်တင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



၄၃။ အရှင်ငါးဆူဒါယကာ
၄၄။ အရှင်သဒ္ဓမ္မဒိဝါကရ
၄၅။ အရှင်သာသနဗုဒ္ဓိ
၄၆။ အရှင်အရိယဝံသ
၄၇။ အရှင်ဘယဂီရိ
၄၈။ အရှင်တလပြား
၄၉။ အရှင်သီရိသမ္မောဓိ
၅၀။ အရှင်ဓမ္မသေနာပတိ
၅၁။ အရှင်ဗုဒ္ဓရက္ခိတ
၅၂။ အရှင်အဂ္ဂပဏ္ဍိတ
၅၃။ အရှင်အရိယ
၅၄။ အရှင်ဥပါလိ
၅၅။ အရှင်မဟာဝံသ
၅၆။ အရှင်သာသနာဘိရမ
၅၇။ အရှင်ဗုဒ္ဓသ
၅၈။
အရှင်အဘယဥက္ကာသဘာဂိ
၅၉။ အရှင်ဇိနစက္က
၆၀။ အရှင်ဉာဏာဒိကရ
၆၁။ အရှင်ဝရသဒ္ဓမ္မကိတ္တိ
၆၂။ အရှင်ဂုဏသာမိ
၆၃။ အရှင်မဟာဝံသ
၆၄။ အရှင်ပရက္ကမဗာဟု
၆၅။ အရှင်သာသနဓောတ
၆၆။ အရှင်သာသနာဘိရာမ
၆၇။ အရှင်မုနိန္ဒယောသ
၆၈။ အရှင်သမန္တစက္ကနာမ
၆၉။ အရှင်သာသနာဓောတာရ
၇၀။ အရှင်အဂ္ဂပဏ္ဍိတ
၇၁။ အရှင်ဇိနာဘိရာမ
၇၂။ အရှင်သဒ္ဓမ္မကိတ္တိ
၇၃။ အရှင်ဗုဒ္ဓိရာမ
၇၄။ အရှင်ရတနာသာမိ
၇၅။ အရှင်သာသနကိတ္တိ
၇၆။ အရှင်ဝရသဒ္ဓမ္မပါလ
၇၇။ အရှင်သဒ္ဓမ္မသာသနကိတ္တိ
၇၈။ အရှင်တိသာသနဓောတ
၇၉။ အရှင်ဉာဏသီရိသမ္မောဓိ
၈၀။ အရှင်ဝရသဒ္ဓမ္မပါလ
၈၁။ အရှင်ဝရာဘိရာမ
၈၂။ အရှင်ဓမ္မသာသနကိတ္တိ
၈၃။ အရှင်မုနိန္ဒဓဇ
၈၄။ အရှင်ဝရသမ္မောဓိ
၈၅။ အရှင်တိသရဏဓဇ
၈၆။ အရှင်ဉာဏဝရသမ္မောဓိ
၈၇။ အရှင်ဓမ္မမဏ္ဍ
၈၈။ အရှင်ဣန္ဒာသဘ
၈၉။ အရှင်ကလျာဏ(ကြီး)



၉၀။ အရှင်ကလျာဏ (ငယ်)
၉၁။ အရှင်သြဘာသ
၉၂။ အရှင်ပညာစက္က
၉၃။ အရှင်ပညာသာရ
၉၄။ အရှင်ပုည
၉၅။ အရှင်ကေလာသ
၉၆။ အရှင်ကလျာဏ
၉၇။ အရှင်မေဓာဝီ
၉၈။ အရှင်သုတဗုဒ္ဓိ
၉၉။ အရှင်ကေတုမာလာ
၁၀၀။ အရှင်နန္ဒဝံ
၁၀၁။ အရှင်သမ္ဗုဒ္ဓ
၁၀၂။ အရှင်ခင်ကြီးကြီး
၁၀၃။ အရှင်အာဒိစ္စ
၁၀၄။ အရှင်ဂုဏာဝါ (တောင်ဖင်း)
၁၀၅။ အရှင်ဝိလာသ (မရောင့်ရဲ)
၁၀၆။ အရှင်ခင်ကြီးမော်
၁၀၇။ အရှင်ခင်ကြီးလှော်
၁၀၈။ အရှင်ဓမ္မဓောတ
၁၀၉။ အရှင်တိက္ခ
၁၁၀။ အရှင်သီလဝံသ
၁၁၁။ အရှင်နန္ဒမာလာ
၁၁၂။ အရှင်စာရ
၁၁၃။ အရှင်ဇောဇ(တက်သိမ်း)
၁၁၄။ အရှင်နေမိန္ဒ
၁၁၅။ အရှင်သုမန
၁၁၆။ အရှင်သူရိယ
၁၁၇။ အရှင်ပရမ
၁၁၈။ အရှင်ရေဝတ
(စာရေးသူ၏ဆရာ)

အထက်ဖော်ပြပါ (၁၁၈)ပါးသော ဆရာတော်ဘုရားကြီးများ အသီးသီးတို့သည် ထေရ်စဉ်မပြတ် နှစ်ပေါင်းကိုးရာကျော်မျှ မဟာဂန္ဓကပ်ပစ်တောင်ဂိုဏ်းချုပ်ဆရာတော်ကြီးများအဖြစ်ဖြင့် မဟာဂန္ဓကပ်ပစ်တောင်ဂိုဏ်းကြီးကို ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသကဲ့သို့။

နောက်နောင်ကိုလည်း ယခုရှိဆဲ ရှိလတ္တံ့ဖြစ်သော သံဃာတော်အရှင်သူမြတ်များက မဟာဂန္ဓကပ်ပစ်တောင် ဂိုဏ်းကြီးအား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ဆဲ စောင့်ရှောက်လတ္တံ့ ဖြစ်ကြမည်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုးစာရင်း

၁။ မဟာရာဇဝင်ကြီး(ပထမတွဲ)

၂။ ညောင်ဦးမြို့ ရှစ်မျက်နှာတိုက် ဆရာတော်ဦးသမ္ဘောဓိရေးသားသော သက္ကရာဇ်ဗိုလ်ဗဟုသုတံနှာမထင်ဆန်းမဟာငှက်ပစ်တောင်ရာဇဝင်သမိုင်းကျမ်း

၃။ ဦးနန္ဒဝံသ ၏ မဟာဝိသုတာရာမတိုက်(ညောင်ဦး) ရေးသားသော 'သက်တော်ရှည်ဘုရားသမိုင်းကျမ်း'

၄။ အရှင်ဥတ္တရသာရ(ညောင်ဦး)၏ အနော်ရထာနှင့် မဟာငှက်ပစ်တောင် သာသနာ

၅။ အရှင်ဥတ္တရသာရ(ညောင်ဦး)၏ ရှင်အရဟံနှင့် အုတ်ကျောင်းတော်

၆။ ဦးဘမွေးရေးသားသော 'ပျူစောထီးမင်းရာဇဝင်နှင့် ငှက်ပစ်တောင် ဘုရားသမိုင်း'

၇။ ငှက်ပစ်တောင်ရှင်ဂေါထမမြတ်စွာဘုရား အမှုဆောင်အဖွဲ့မှ ထုတ် ဝေသော လက်ကမ်းစာစောင်

၈။ ပညာအလင်းပြရုံးသုံးကျောင်းသုံး အင်္ဂလိပ်မြန်မာ နှစ်တစ်ရာ ပြက္ခဒိန် (ဒဿမအကြိမ်)

၉။ ယဉ်ကျေးမှုဝန်ကြီးဌာနထုတ်ဝေသော ရှင်အရဟံမထေရ်မြတ်၏ ထေရ ပတ္တိနှင့် ရှင်အရဟံ အုတ်ကျောင်းပြုပြင်တည်ဆောက်မှုမှတ်တမ်း (၁၉၉၇-ခု-မေလ)

BURMESE CLASSIC .com

www.burmeseclassic.com